
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွား ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်


- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စွမ်းမာန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

ကန်လေးရိုးက

# ဟွားလောက်ကြီး

# မိစ္ဆာခွေးနက်ကြီး၏ နောက်ဆုံးဒေါသ



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၂ခုနှစ်၊ ဇူလိုင်လ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

**ထုတ်ဝေသူ**
ဦးနိုင်မျိုးထွန်း၊ အင်ပါယာစာပေ၊ ၁၁/၂၁၊
စီးပွားကူးသန်းဝန်ထမ်းအိမ်ရာ၊ ဦးဝိစာရလမ်း၊ ဒဂုံမြောက်။

**မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၅၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

**အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

**ပြည်လုံးကျွတ်ဖြန့်ချိရေး**
**ရဲရင့်အောင်စာပေ**
အမှတ်-၄၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဒဂုံဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
ကန်လေးရိုးက ဖွားလောက်ကြီး
မိစ္ဆာခွေးနက်ကြီး၏ နောက်ဆုံးဒေါသ / ကန်လေးရိုးက
ဖွားလောက်ကြီး - ရန်ကုန်၊
အင်ပါယာစာပေ၊ ၂၀၁၂။
၁၂၀-စာ၊ ၁၃၀ x ၂၀၇ စင်တီ။
(၁) မိစ္ဆာခွေးနက်ကြီး၏နောက်ဆုံးဒေါသ

BURMESE CLASSIC .com

စာဖတ်ပရိသတ်ကြီးခင်ဗျား -

ကျွန်တော်ဖွားလောက်ကြီးနဲ့ စာဖတ်ပရိသတ်အပြန်အလှန် ဖုန်းပြောတာကို ပရိသတ်ကြီး စိတ်ဝင်စားတဲ့အတွက် အထူးကျေးဇူးတင်ပါတယ် ...

ပရိသတ်တချို့က ...

ကျွန်တော် ထွက်ခဲ့တဲ့ စာအုပ်တွေမှာပါတဲ့ ဖုန်းပြောတဲ့ ကဏ္ဍကို တသီးတသန့်စာအုပ်ထုတ်ပါလို့ တောင်းဆိုကြပါတယ် ...

ထိုသို့ တောင်းဆိုမှုအရ ပရိသတ်ရဲ့ဆန္ဒကို လေးစားစွာဖြင့် ဖုန်းကဏ္ဍစာအုပ် မကြာခင်ထွက်လာပါတော့မယ် ...

ပရိသတ်ကြီး စောင့်မျှော်ဖတ်ရှုအားပေးပါလို့ ...

**အဝဉ်ကြိုးစားမယ့်**
**စာရေးတဲ့**
**ဖွားလောက်ကြီး**

အမှတ်-၂၅၊ အရှေ့မြို့ပတ်လမ်း၊
ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဒဂုံဟန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၀၁ ၅၁၁၃၅၆၄၊ ၀၉ ၇၃၁၁၀၃၉၀၉

www.burmeseclassic.com

www.burmeseclassic.com

## ကန်လေးရိုးက ဖွားသောက်ကြီး

### ထွက်ရှိပြီးသောစာအုပ်များ

၁။ သချိုင်းမြေမှ အရိပ်တစ္ဆေ
၂။ သချိုင်းရွာက မရဏကျိန်စာ
၃။ မရဏဝိညာဉ် မာယာရှင်တစ္ဆေမလေး
၄။ ဝိညာဉ်ဆိုး၏ လိပ်ပြာခေါ်သံ
၅။ ဝိညာဉ်မျက်လုံးနှင့်မာယာမိန်းမပျို
၆။ အခေါင်းထဲကအလောင်း
၇။ မိစ္ဆာမြေမှ အကျဉ်းစံတစ္ဆေမလေး
၈။ ကိုယ်ယောင်ဖျောက်မုံတီးသံ
၉။ တစ္ဆေခြောက်တဲ့ ဟိုဘက်အိမ်
၁၀။ ဝိညာဉ်တို့၏မရဏခရီး
၁၁။ မာယာရှင်မလေး၏ တတိယမြောက်နှာရေး
၁၂။ မိစ္ဆာရှင်မလေး၏ သောကမျက်ရည်
၁၃။ အကျည်းတန်တစ္ဆေရဲ့ အပြာရောင်ည
၁၄။ တမလွန်သွားမယ့် ဝိညာဉ်မလေးရဲ့ဆန္ဒ
၁၅။ သာဝုခေါ်ပေးပါ
၁၆။ မရဏညက ဝိညာဉ်ခေါ်သံ
၁၇။ တစ္ဆေနေတဲ့ အိမ်ကဝိညာဉ်တွေ
၁၈။ ဝိညာဉ်တို့၏ အဖြူရောင်သတို့သမီး

### ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

၁။ တမလွန်မလေးရဲ့ အချိန်လွန်နှောင်တ
၂။ ဝိညာဉ်မေမေရဲ့ မိစ္ဆာသား
၃။ မိစ္ဆာမရဲ့ရက်လည်ည
၄။ သချိုင်းထဲမှာ ခေါ်တာပစ်ပေးပါ
၅။ အိမ်မဲကောင်းကင်မှ ဝိညာဉ်ပျိုမလေးတောင်းတဲ့ဆု
၆။ ပန်းတစ္ဆေမလေးရဲ့အမုန်းဈာပန
၇။ ကားနံပါတ်(၁၃)

**ယခုလ**

**မိစ္ဆာခွေးနက်ကြီး၏ နောက်ဆုံးဒေါသ**

ဒီတစ်လမှာ ဖွားသောက်ကြီး ဘာတွေ ပြောခဲ့တယ် ...

www.burmeseclassic.com

www.burmeseclassic.com

### မှတ်ချက် ...

ကျွန်တော်နှင့် ဖုန်းပြောခဲ့သည့် ပရိသတ်များအား စာအုပ်လက်ဆောင် ချီးမြှင့်မည်ဖြစ်ပါ၍ လိပ်စာများ ပြောကြားပေးပါ ရန် လေးစားစွာ တောင်းခံအပ်ပါသည်။





ဆောင်းနံနက်ခင်းက ဘာနဲ့မှ ထုဆစ်ထားစရာမလိုဘဲ လှလို့နေသည်။ ညဘက် ဘယ်လောက်ပဲ အိပ်ရေးပျက်ပျက် ဆောင်းနံနက်ခင်းစောစောတွေကို တန်ဖိုးထားသူ ဖိဖိ စောစောထပြီး လူများများမရောက်သေးသည့် လက်ဖက်ရည်ဆိုင်မှာထိုင်၊ လမ်းမပေါ်ဖြတ်သွားသည့် ကားတချို့ကိုငေးလိုက်၊ ခပ်ကျကျ လက်ဖက်ရည်ကို သောက်လိုက်၊ စီးကရက်ဖွာလိုက်နှင့် ကျွန်တော်ခံစားသည့် ပစ္စည်းမဲ့ ဇိမ်ခံမှုက ကျွန်တော့်အတွက် အရသာရှိလွန်းလှသည်။

လောဘ ဒေါသတွေလည်း ရောက်မလာသေးတော့ လက်ဖက်ရည်ဆိုင်ရှေ့က ဝန်ဒါပင်က သပ်သပ်ရပ်ရပ်နဲ့ နှင်းစက်တချို့ မြေပြင်ပေါ်အကျနာမှာစိုးလို့ သူ့ရွက်ပက်တွေနဲ့ တန်စာခံပေးနေတယ် ...

လှလိုက်တဲ့ နံနက်ခင်းရယ်လို့ တွေးနေစဉ်မှာ ...

“ဟူ ... ”

“ဟင်”

www.burmeseclassic.com

www.burmeseclassic.com

အထုအထေတို့ကို ခံစားရတာ မရှည်ကြာလိုက် ခါးကြားထဲချိတ်ထားသည့် ဖုန်းသံ က ထွက်မြည်လာသည်။

ဘာဘာထိန်းနိုင်မှာလဲ ဖုန်းယူလာမိတာကိုက မိမိအမှား ...

"ဟဲလို"

"ဆရာ ဖွားလောက်ကြီးလား"

"ဟုတ်ပါတယ် ... ဘယ်သူပါလဲခင်ဗျာ"

တစ်ဖက်အသံရှင်က မိန်းကလေးအသံ စူးရှရှလေး အသက်အရွယ်က နှစ်ဆယ် ဝန်းကျင်ခန့်ရှိလောက်မည်။

"ဆရာ သမီးနာမည် စူးရှပါ။ မြောက်ဒဂုံကပါ။ မနက်အစောကြီး ဖုန်းဆက် လိုက်လို့ ဆရာစိတ်မဆိုးပါနဲ့နော် ...

စူးရှ ကြုံခဲ့တဲ့ အရမ်းထူးဆန်းတဲ့ အတွေ့အကြုံလေးတစ်ခု ပြောပြချင်လို့ ပါ"

"ပြောပါ စူးရှ ... ပြောပါ"

ကျွန်တော်မှ စကားလမ်းကြောင်းဖွင့်ပေးလိုက်သည်။

"ဆရာ ... စူးရှက ဒဂုံတက္ကသိုလ်မှာ ကျောင်းတက်နေတဲ့ ဒုတိယနှစ် ကျောင်းသူပါ ... သမိုင်းအဓိကလေ"

"ဟုတ်ပါပြီ ... စူးရှ ဘာပြောချင်တာလဲ"

ထိုအခါ ကောင်မလေးက ...

"စူးရှ တက္ကသိုလ်ကိုရောက်ထဲက စူးရှကို တစ်ခဲတလမ်းနဲ့ ကြိုက်တဲ့ လူတစ်ယောက်ရှိတယ်၊ သူက ဗမာမဟုတ်ပါဘူး၊ ကုလားလူမျိုးတစ်ယောက်ပါ၊ အသား

ထလည်းမည်းလိုက်တာ ဆရာရယ် ...

အံပင်ကလည်းကောက်သေး၊ လူကောင်ကလည်း သေးသေးညှက်ညှက်လေး ဆရာရဲ့"

"ဟုတ်ကဲ့"

စူးရှက စကားအရှိန်ရလာသည်။ ဆက်၍ ...

"သူက စူးရှတို့ မေဂျာကပဲ၊ စူးရှအိမ်ပြန်ရင် နောက်ကလိုက်တယ်၊ ညဘက်ဆို အိမ်ရှေ့က ဗိတောက်ပင်အောက်မှာ ယောင်လည်လည်နဲ့ ညဉ့်နက်မှပြန်ပြန်သွားတယ်၊ စူးရှကို လိုက်တဲ့လူတွေအများကြီးရှိပါတယ်၊ သူ့လောက် ဘယ်သူမှ ဇွဲမရှိဘူး။

စူးရှလည်း သူများတွေက သူနဲ့စတာကို မခံချင်တာနဲ့ ရည်းစားတစ်ယောက် ထားလိုက်တယ်၊ သူ့ပုံစံကပြောင်းမသွားဘူးဆရာ၊ ရည်းစားနဲ့တွဲသွားလည်း နောက်က လိုက်နေတာပဲ၊ အရမ်းစိတ်ညစ်ဖို့ကောင်းတယ်"

"အင်း ... စူးရှကို အတော်ချစ်တာပဲ"

ကျွန်တော်က စကားကိုထောက်ပေးလိုက်သည်။

စူးရှက သက်ပြင်းကိုချရင်း ..

"ဟင်း ... သူက စူးရှနောက်ကို လိုက်ပဲလိုက်တာ၊ ဘာစကားမှပြောတာ မဟုတ်ဘူး၊ စူးရှနဲ့သိတဲ့ သူငယ်ချင်းကို သူပြောတာက သူနဲ့စူးရှက ဆုတောင်းမှားခဲ့ ကြတာတဲ့"

"ဟေ"

ကျွန်တော် အံ့ဩသွားသည်။

"ဟုတ်တယ်ဆရာ၊ ဆုတောင်းမှားလို့ သူက ဒီဘဝမှာ ကုလားလာဖြစ်ရ

www.burmeseclassic.com

www.burmeseclassic.com

တာတဲ့၊ ကုလားဖြစ်ပေမယ့် ဘဝဟောင်းကချစ်သူတွေဆိုတော့ စူးရှကိုတစွဲတလမ်းကို မြင်နေရတာတဲ့လေ”

“တယ်လာတဲ့ ကုလားလေးပါလား”

“ဟုတ်တယ် ဆရာ … ဒါပေမဲ့ အခုတော့ သူမရှိတော့ပါဘူး”

“ဟင် ဘယ်သွားလို့လဲ စူးရှ”

“သူ သေသွားပါပြီ၊ ကင်ဆာရောဂါနဲ့ပါဆရာ၊ သူသေခါနီး ဆေးရုံတက်ရတော့ သူ့အိမ်က အစ်မတွေအစ်ကိုတွေ စူးရှကို ဆေးရုံလိုက်ကြည့်ပေးဖို့ ခဏခဏ လာပြောပါတယ် …

စူးရှက ကိုယ်နဲ့မဆိုင်တာဆိုတော့ ခါးခါးသီးသီးငြင်းပစ်တယ်ဆရာ၊ နောက်တော့ သူ့အမေဆိုတဲ့ ကုလားမကြီးရောက်လာပြီး ငိုယိုပြောတော့ စူးရှလည်း လူလူချင်း စာနာပြီး လိုက်သွားပါတယ်”

“ပြော”

စူးရှကဆက်၍ …

“ဆေးရုံရောက်တော့ သူ့အခြေအနေက အတော်ဆိုးနေတယ်ဆရာ၊ သတိမရ တစ်ချက် ရတစ်ချက်နဲ့ စူးရှလာတာကို သူသိတော့ အားယူပြီး ပြုံးပြတယ်၊ ပြီးတော့ ကြိတ်မှိတ်ပြီး စကားတစ်ခွန်းပြောတယ်၊ စူးရှကို သိပ်ချစ်တယ်တဲ့၊ ပြောပြီး ငြိမ်သွားတယ်၊ အဲဒီညမှာပဲ သူ လူ့လောက,က ထွက်သွားတယ်၊ စူးရှ စိတ်မကောင်းအတော်ကို ဖြစ်သွားတယ်၊ ဘာတတ်နိုင်မှာလဲ၊ သူပြောတဲ့ ဆုတောင်းတွေပဲနေမှာပေါ့”

“အဲလိုဆိုတော့လည်း မောင်ကုလားက သနားစရာပဲနော်”

ဝေဖန်မှုစကားမဆုံးခင် စူးရှက …

“သနားစရာ သူ မဟုတ်ဘူးဆရာ စူးရှပါ … သူ့ရဲ့ နောက်ဆုံးအခြေအနေကိုကြည့်ပြီး စူးရှ သူ့ကိုသနားရာက ချစ်သွားတယ်”

“ဟင်”

“သူသေသွားတယ်ဆိုတာသိတယ်၊ သူ စူးရှနောက်လိုက်ခဲ့တာတွေ စူးရှကို အရိပ်တကြည့်ကြည့်လုပ်ခဲ့တာတွေကို မျက်လုံးထဲ မြင်လာတယ်”

“ဘယ်လိုဖြစ်တာလဲ”

“မသိပါဘူး ဆရာရယ်၊ အချစ်ဆိုတာ ရုပ်ရည်နဲ့တည်ဆောက်တာမှမဟုတ်တာ၊ နှလုံးသားနဲ့တည်ဆောက်တာလေ …

တကယ့်မေတ္တာစစ်နဲ့ချစ်ခဲ့တော့ နှလုံးသားရဲ့ ကျိန်စာပဲလား၊ ဒါမှမဟုတ် မှားခဲ့ကြတဲ့ ဆုတောင်းတွေလား မသိတော့ပါဘူး ဆရာရယ်”

အတွေးတွေနဲ့ လိုက်မမှီသော အချစ်ပုံပြင်တွေက ကျွန်တော်ကိုယ်တိုင်ရဲ့ အတွေးနဲ့ ထောင် မတွေးမိခဲ့ …

“အင်း စူးရှတို့အချစ်က ဆန်းပါလား”

“ဟုတ်တယ် ဆရာရယ်၊ တကယ်လို့ပေါ့လေ၊ ဝိညာဉ်ဆိုတာ တကယ်ရှိခဲ့ရင် သူ့ဝိညာဉ်ကိုပြောပေးပါလား ဆရာ”

“ဟင် … ဘယ် … ဘယ်လိုပြောပေးရမလဲ”

“မှားခဲ့တဲ့ ဆုတောင်းတွေကို ပြန်ပြင်ဆုတောင်းကြရအောင်၊ စူးရှ သူ့ဆီ [illegible]ယ့် အချိန်ထိစောင့်ပေးပါလို့”

“ဟင်”

ကျွန်တော်က သက်ပြင်းချလိုက်ချိန်မှာပဲ ဖုန်းကကျသွားသည်။ ဒီလိုမျိုးတွေလည်းရှိ

www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုတာ သိရတော့ ကျွန်တော့်ရဲ့ဆောင်းမနက်ခင်းလေးကတော့ ချစ်သူ ပုံပြင်တွေနဲ့ ပိုလို့ဝေလာတာလား ..

အဲ့မှမဟုတ် ...


ချစ်သူ့ပုံပြင်ကြောင့် နှင်းစက်လေးတွေ အလွမ်းသက်သေဖြစ်သွားပြီလား ...

ကျွန်တော် မဝေခွဲတတ်တော့ ...

ယက်ကျန် လက်ဖက်ရည် အေးစက်စက်ကို ခွက်ထဲကနေမော့သောက်လိုက်တော့သည်။

၉၉၉





"အူ ... ရှူး"

ဒီညခွေးတွေက ဘယ်လိုကြောင့်ရယ်မသိ အူနေသည်။ ကျွန်တော့်စာအုပ်မှာရေးတဲ့ ခွေးအူသံတွေလိုမျိုးကိုအူတာ ...

အရပ်ထဲကို ဝိညာဉ်တွေ ရောက်လာလို့လား ... သူတို့လည်း အကြောင်းရှိလို့နေမှာပေါ့ ... လူတွေလိုပဲ သူတို့မှာ သူတို့အကြောင်းနဲ့သူတို့ရှိမှာပဲလေ။

ဘုံတစ်ခုအနေနဲ့ ရှိနေတာပဲမလား။

"တူ ... တူ"

"ဟင်"

အတွေးလွန်နေတဲ့ ကျွန်တော် ဖုန်းသံကြောင့် လန့်လို့သွားသည်။

မြည်နေတဲ့ဖုန်းကို ထ၍ကိုင်လိုက်သည်။

"ဟဲလို ဗွားလောက်ကြီးပါ"

"ဆရာ ဗွားလောက်ကြီး"

"ဗျာ ... ပြောပါ"

တစ်ဖက်အသံရှင်က ယောကျ်ားတစ်ယောက် အသက်လေးဆယ်ဝန်းကျင်လောက် ရှိမည်ထင်၏။

www.burmeseclassic.com

www.burmeseclassic.com

"ဆရာတို့ ရပ်ကွက်မှာ ညအာက်ဆို အခုတလော ခွေးတွေအူလား"

"ဗျာ ... ဘာ .. ဖြစ်လို့လဲ"

"ဟား ... ဟား ... သရဲဝတ္ထုရေးတဲ့ ဆရာမှားလောက်ကြီး သရဲကြောက်နေတာလား"

"ဟုတ်တယ်ဗျ ... ခင်ဗျားပြောတာနဲ့ တိုက်ဆိုင်နေတယ်၊ ကျွန်တော်တို့အိမ်ရှေ့မှာ ခွေးတွေ အူနေတယ်"

ကျွန်တော်မှ အမှန်အတိုင်းပြောလိုက်သည်။

"ဟုတ်တယ်ဗျ ... အဲဒီခွေးအူသံတွေက သိပ်ဆိုးတယ်၊ ကျွန်တော်တို့ရပ်ကွက်မှာဆို ခွေးအူပြီး မကြာခင် မိန်းမတစ်ယောက် အိမ်ရှေ့လာပြီး အဲဒီအိမ်က လူတစ်ယောက်ယောက်ရဲ့ နာမည်ခေါ်တော့တာပဲ ...

တံခါးဖွင့်ပြီးကြည့်ရင် ဘာမှမတွေ့ရဘူး ... ခေါ်တာကို ထူးမိရင် သေပြီ"

"အဟုတ်လား ဗျ"

"အဟုတ်ပြောတာ ကျွန်တော်တို့ ရပ်ကွက်ထဲမှာ နှစ်လောင်းရှိပြီ၊ ခင်ဗျားက စာရေးဆရာဆိုတော့ ခင်ဗျား ပရိသတ်ကိုပြောထားဗျာ ...

ကျုပ်အထင်တော့ မပဲဝါ ဖြစ်လိမ့်မယ်၊ ဒါပဲဗျာ ... ခင်ဗျားနာမည်ကို လာခေါ်လည်း မထူးနဲ့၊ ခင်ဗျားသေသွားရင် ခင်ဗျားစာအုပ်တွေ မဖတ်လိုက်ရဘဲနေတော့မယ်"


သတိပေးတာလား စေတနာလား တားဆီးတာလားတော့မသိ ... ကျွန်တော်မှ ...

"ဟုတ်ကဲ့ ... ညွှေ့စာရင်းလာစစ်ရင်တောင် မထူးပါဘူးဗျာ"

"ကောင်းတယ် ... ကောင်းတယ်"

ပြော၍ ဖုန်းချသွားသည်။





တစ်ရက် ညနေခင်း ...

ဂျာနယ်တစ်စောင်ကိုဖတ်လိုက် စဉ်းစားလိုက်၊ ဒေါသဖြစ်လိုက်၊ ဝမ်းသာလိုက်နှင့်တစ်ယောက်တည်း အလုပ်ရှုပ်နေစဉ် ...

"တူ ... "

ဖုန်းသံက အဆက်မပြတ် မြည်လာသည်။ ဖတ်လက်စဆောင်းပါးလေး နောက်ဆုံးအပိုဒ်သာကျန်တော့သဖြင့် ပြီးအောင်ဖတ်နေ၍ ဖုန်းကို ချက်ချင်းမကိုင်သေး။

ခဏကြာမှ ကောက်ကိုင်လိုက်သည်။

"ဟဲလို"

"ရှင် ဘာလုပ်နေတာလဲ၊ အခုထိ အိမ်ပြန်မလာသေးတာ ဘယ် KTV ရောက်နေလဲ ပြောစမ်း"

"ဗျာ"

"ဘာရိသေနေတာလဲ၊ ရိုးတီးယားတားမလုပ်နဲ့နော်၊ ပိုက်ဆံပါမလာရင် ရှင်နဲ့တွေ့ပြီမှတ်၊ ကျွန်မအကြောင်းသိတယ်မလား"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်း နောက်ရက်မှာ ထိုသတင်းတွေကြားနေရသည်။ ဖြစ်နိုင်ချေမှန်နိုင်ဆိုတာထက် ဝရလောကနဲ့ပတ်သက်လို့ အထူးအဆန်းဆိုတာ ရှိတာပဲ ပေါ့။

ဒီတော့ …

ပရိသတ်ကြီးလည်း အချိန်မတော် ကိုယ့်အိမ်ရှေ့မှာ လာခေါ်တဲ့အသံများကြားရင် မထူးပါနဲ့လို့ …

၂၂၂

ဆရာဝွားလောက်ကြီးက သူ့ပရိသတ်ရဲ့ ရင်ဖွင့်သံကို ဖုန်းနဲ့ပြောလို့ရတယ်လို့ဆိုထဲက အစ်မပြောချင်နေတာ"

ဟောဒါကို အဆက်မပြတ်ပြောနေသော အမျိုးသမီးအား ကျွန်တော်က …

"အစ်မ"

"ဟော … အစ်မပြောမှာပါ"

"အစ်မက အခု ဖုန်းများဆက်တာလေ၊ နံပါတ်ပြင်ပြီး အစ်မယောက်ျားကို ဆက်လိုက်ဦး။ တော်ကြာ အိမ်ပြန်နောက်ကျနေဦးမယ်"

"ဟုတ်တယ် … ဟုတ်တယ် … မောင်လေးပြောမှ သတိရတယ်၊ ဒါပဲနော်၊ နောက်မှ အစ်မရဲ့ကိုယ်တွေ့ရင်ဖွင့်သံကို မောင်လေးကို အားရပါးရ ပြောပြမယ်"

"ဟုတ် … ဟုတ်ကဲ့ပါ"

ကျွန်တော်မှ ဖုန်းချလိုက်သည်။

တစ်ခါတစ်ရံ ထိုကဲ့သို့သော ဖုန်းပြဿနာလေးတွေရှိတတ်ပါတယ်၊ အစ်မအရွယ်လား အဒေါ်အရွယ်လားမသိသည့် အမျိုးသမီး၏ ရင်ဖွင့်သံကို ကျွန်တော် ကြားဦးမည် —

ဘာပဲဖြစ်ဖြစ်ပါ …

စာရေးဆရာဖြစ်တဲ့ ကျွန်တော်က ဘဝတွေအများကြီးပိုင်တယ်မလား။ ထိုထိုသော ဘဝတွေအတွက် ကျွန်တော်ဟာ ဘဝများစွာကို ပုံဖော်ကာ ပရိသတ်အကြိုက် ပန်တီးနေရတာပဲမဟုတ်ပါလား … ခင်ဗျာ …

၂၂၂

www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်ဖုန်းမှ အမျိုးသမီးက သူပြောချင်ရာကို စွတ်၍ပြောနေသည်။ ကျွန်တော်က …

"ဟဲလို အဒေါ် … အဒေါ် ဘယ်သူ့ကိုဖုန်းပြောနေတာလဲ"

"ဟင် … ကိုအောင်မြင့်ဖုန်း မဟုတ်ဘူးလား"

"ကိုအောင်မြင့်တော့ မဟုတ်ပါဘူး။ စာရေးဆရာ ဗွားလောက်ကြီးရဲ့ဖုန်းပါ"

"ဟာ … ဆောရီး … ဆောရီး မောင်လေးရယ် … အစ်မ ဒေါသဖြစ်ဖြစ်နဲ့ ဖုန်းနံပါတ်မှားနှိပ်မိသွားတာ ဖြစ်မယ်၊ စိတ်မဆိုးနဲ့နော် … မောင်လေးက စာရေးဆရာ ဗွားလောက်ကြီးလား အစ်မ မောင်လေးစာအုပ်တွေ တအားကြိုက်ပါတယ်"

"ဟုတ်ကဲ့"

ကျွန်တော်မှ ဖုန်းချလို့မရတော့ တစ်ဖက်အမျိုးသမီးစကားလုံးတွေက ကျွန်တော်နှင့် ပတ်သက်လာပြီလေ …

"မောင်လေး စာအုပ်တွေထဲကလို ဝိညာဉ်တွေအဖြင်မှာ တကယ်ရှိလား"

"အင်း … "

ကျွန်တော် ဖြေတောင်မဖြေရသေး တစ်ဖက်အမျိုးသမီးက …

"ရှိရင် အစ်မတစ်ကောင်လောက်လိုချင်တယ် သိလား"

"ဘာလုပ်မလို့လဲ အစ်မ"

"အိမ်က လူကို ကုပ်ချိုးခိုင်းမလို့"

"ဗျာ … "

"မောင်လေးကို အစ်မအကြောင်းပြောရရင် မောင်လေးမျက်ရည်ကျသွားမယ် အစ်မအကြောင်းကလေ ဝိညာဉ်တွေဆက် ပိုစိတ်ဝင်စားဖို့ကောင်းတယ် သိလား။



"တူ … တူ … "

မနက်ရောက်လာတာနှင့် ဖုန်းသံကပြည်လာပြီ … အခြားခြားသောကိစ္စတွေလား။ ဒီမှမဟုတ် ပရိုသတ်ဆီကလား၊ ဘယ်ကမှန်းတော့မသိ။ ဖုန်းကိုကောက်ကိုင်လိုက်သည်။

"ဟုတ်ကဲ့ … ပြောပါ … ကျွန်တော် ဗွားလောက်ကြီးပြောနေပါတယ်"

"ဆရာ … သမီးနာမည်က ချို ပါ"

"ဟုတ်ကဲ့ … နာမည်က ချို တစ်လုံးထဲလား"

တစ်ဖက်အသံရှင်အမျိုးသမီးက အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိမည်ထင်ပါသည်။ အသံကတော့ အတော့်ကို ချိုပါ၏။

"နာမည်အပြည့်အစုံက ခင်ချိုပြုံးဦး ပဲခူးကပါ"

"ဟာ … ပဲခူးသူဆိုတော့ စကားပြောကောင်းမှာပေါ့"

"မနောက်ပါနဲ့ဆရာရယ် … သမီး ဝိညာဉ်လောကနဲ့ပတ်သက်တဲ့ ကိုယ်တွေ့ဖြစ်ရပ်ဆန်းလေးတစ်ခု ပြောပြချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com

တောဒီကို လေးနက်စွာ ပြောလာသည့် အမျိုးသမီးရဲ့လေသံက လွန်စွာ စိတ်ဝင်စားစရာ ကောင်းနေ၏။

"ပြောပါ … ကျွန်တော် နားထောင်နေပါတယ်"

"ဒီလိုပါဆရာ … သမီးယောကျ်ားနဲ့သမီး ချစ်သူတွေဖြစ်ကြပြီး ကမ္ဘာ့ကိုမှာ သာမန်ဝန်ထမ်းဘဝနဲ့ အိမ်ထောင်ကျကြတယ်"

"ဟုတ်ကဲ့"

"အိမ်ထောင်ကျစမှာ နှစ်ရောက်ပေမယ့် သူကအလုပ်ကြိုးစားတော့ အလုပ်မှာ နေရာရလာတယ် … စီးပွားတွေလည်းကောင်းလာတယ်၊ နောက်တော့ သမီးအလုပ်ထွက်လိုက်တယ် … သိပ်မကြာပါဘူး သူ မိန်းမတစ်ယောက်နဲ့ ပတ်သက်နေတယ်လို့ ကြားတယ်"

"ဟို … ဝိညာဉ်က … "

"လာမယ်ဆရာ … သူပတ်သက်နေတဲ့မိန်းမက ပညာသိပ်တတ်တယ်၊ ထက်လည်း ထက်တယ်လို့သိရတယ် …

သမီး အရူးလိုပဲဆရာ … သမီးက သမီးယောကျ်ားကိုသိပ်ချစ်တာ၊ ကိုယ့်ကိုယ်ကိုယ်တောင် သတ်သေဖို့ထိ လုပ်ခဲ့တယ် … ဆရာတွေလည်းဆုံနေတာပဲ … သူကြည့်ရတာ အရူးတစ်ယောက်လိုဖြစ်နေတယ် …

သမီးဘာပြောပြောနားမဝင်ဘူး … ရန်ပဲလုပ်တယ်"

စကားကို အဆက်မပြတ်ပြောနေတဲ့ ချို ဆိုတဲ့ကောင်မလေး ရင်ဖွင့်တာကို ကျွန်တော် စိတ်ရှည်စွာနားထောင်နေသည်။

"သမီး အမျိုးမျိုးတောင်းပန်တယ် … မရဘူးဆရာ … သူပတ်သက်နေတဲ့ မိန်းမကချောလို့ဆိုတော့ သမီးအလှပြင်တော့တာပဲ … သမီးလည်း အချောစာရင်းဝင်ပါ။

ဖဲ့ရာထားသိုလ်မှာတက်တုန်းက Botany Queen ပါ"

"ဟုတ်ကဲ့ … "

"သူ အဆိုးဆုံးအချိန်က ညနေပိုင်းနဲ့ညနက်ပိုင်းပဲဆရာ … သူ့မျက်လုံးတွေ နီလာပြီး ဘယ်လိုတားတားမရဘူး … တံခါးတွေသော့ခတ်ထားရင် ပြတင်းပေါက်ကခုန် ချမယ်လုပ်တာ …

သမီးတို့က ကွန်ဒိုအိမ်ရာ ဒုတိယထပ်ဆိုတော့ သူ့အတွက် အန္တရာယ်ရှိတာနဲ့ တံခါးဖွင့်ပေးလိုက်ရတယ်"

"အဆန်းပါလား"

ဓာတ်လမ်းက စိတ်ဝင်စားစရာကောင်းလာသည်။

"သူ … ထမင်းစားရင် အမဲ၊ ဝက်ပဲချက်ခိုင်းတယ် … ဘုရားရှိခိုးခိုင်းလည်း မရဘူး … ပရိတ်ရွတ်ပေးလည်းရှောင်သွားတယ် … သမီး ဆရာတွေပင့်လာရင် သူက အပြင်ထွက်သွားတယ် … တစ်ချိန်လုံး ဟိုမိန်းမကို တနေတယ်"

"ဟုတ်ကဲ့ ဆက်ပြောပါ"

"နောက်တော့ အိမ်ကို တစ်ပတ်လောက်ပြန်မလာဘူး … ခဏခဏပါပဲ သမီးသည်းခံပါတယ် … သမီးတို့မှာ ကလေးလည်းရှိတယ်ဆရာ … သူက ကလေး ရှိတာမသိတော့သလို သူ့ကိုယ်သူတောင် မသိတော့ဘူး … နောက်ဆုံးတော့ သမီး မေတ္တာပို့ပေးတယ်"

"အဆင်ပြေသွားလား"

"ဘယ်ပြေမလဲ ဆရာရယ် … သူက အစာမိထားတာပဲ … သေချာမှမကုတာ သမီးလည်း နောက်တော့ ပဲ့ရှုပြန်ခဲ့တယ်"

"ချို … ယောကျ်ားသတင်းက"

www.burmeseclassic.com

www.burmeseclassic.com

"သူ နှစ်လကြာတော့ ပဲခူးလိုက်လာတယ် ... သမီးကခေါ်ပြလိုက်တယ်၊ ထိုယ့်ကိုယ်ကိုယ် တည်ငြိမ်ခဲ့ရင် ဒီမှာလာနေလို့ ...

သူ လာမနေပါဘူးဆရာ ... သမီးဘဝမှာ လူတစ်ယောက်နဲ့ စိတ်နှစ်စိတ်ရှိတာ ဒီတစ်ခါပဲတွေ့ဖူးတယ်၊ သူက သမီးကို သိပ်ချစ်ခဲ့တာဆရာ ... သမီးဘာလုပ်လုပ် ဘာမှမပြောဘူး ...

လိုချင်တာဆို အကုန်ဝယ်ပေးတာ ... လူကလည်းလူတော်ဆရာရဲ့ ... ဘယ်လို ဖြစ်သွားမှန်း စဉ်းစားလို့တောင်မရဘူး"

စကားကို အားရပါးရပြောပြီးတော့ မောလို့ထင်၏ ရပ်၍သွားသည်။ တစ်ဖက်အသံရှင် ချို ပြောတဲ့ အစာမိတာနှင့်ပတ်သက်၍ ကျွန်တော်က ...

"ကျွန်တော် ချို့ကိုပြောပြမယ် ... ချို့ယောက်ျားဟာ မိသားစုကိုချစ်ခင်ပါရဲ့နဲ့ တခြားမိန်းမတစ်ယောက်ကို တန်းတန်းစွဲသွားတာ အကြမ်းဖျင်းတော့ အစာမိတယ် ဆိုပါတော့ ...

ဒါပေမဲ့ ကံတရားတွေနဲ့လည်းဆိုင်ပါတယ် ... မျက်လုံးနီလာတာ အမဲ၊ ဝက် ကို အရင်ထက်တပ်မက်လာတာ ပရလောကနဲ့ပတ်သက်ပြီး ပြုစားခံခဲ့ရတယ်လို့ မှတ်လို့ ရတယ် ...

ဒါဟာလည်း နားလည်တဲ့ဆရာနဲ့ကုမှရတာ အကုမခံရင် အရူးရောက်တတ်တယ်၊ အချိန်တစ်ခုရောက်ရင် ပြေသွားမှာပါ ... ခန္ဓာကိုယ်က သူ့ကိုယ်ပေမယ့် စိတ်က သူများစိတ်လေ ... ချို့ကို မသတ်တာတောင်ကံကောင်း"

"အဟုတ်လား ဆရာ"

"ဟုတ်ပါတယ် ... အကောင်းကိုအဆိုးမြင်မယ် ... အားလုံးကို ပြောင်းပြန် မြင်တတ်တယ် ... ရှက်ရမယ်ဆိုတာလည်းမသိတော့ဘူး"

"ဟုတ်တယ်ဆရာ ... သူ အဲလိုဖြစ်ခဲ့တယ်"

"သူ ... အခု ဘယ်မှာနေလဲ"

"ရန်ကုန်မှာပဲ ..."

"တကယ်လို့ သူ ချို့ဆီပြန်လာရင် ချိုလက်ခံမှာလား"

ချိုဆိုသည့် မိန်းကလေး စဉ်းစားနေသည် ခဏကြာမှ သက်ပြင်းချသံဖြင့် ...

"သမီးနဲ့သူဝေးခဲ့တာ ခုနှစ်နှစ်ကျော်ပါပြီ ... သူလည်း ဘဝတွေပြောင်းခဲ့သလို သမီးလည်း ဘဝတွေပြောင်းပြီးပါပြီ ...

ဒါပေမဲ့ဆရာရယ် မရှက်တမ်းဝန်ခံရရင် သမီး သူ့ကို သိပ်ချစ်နေဆဲပါ။ ခုထက်ကတောင် ဖုန်းဆက်လိုက်သေးတယ် ဟင့် ဟင့်"

ငိုရှုံ့ရှိုက်ငိုနေသည့် ချို ဆိုသည့် မိန်းကလေးအတွက် ကျွန်တော် စိတ်မကောင်းစွာ ခံစားလိုက်ရသည်။

ဘဝတွေ ပြိုပျက်အောင် ဘေးကမနာလိုသူတွေသည်လည်းကောင်း တိုက်ရိုက် ပတ်သက်သူတွေသည်လည်းကောင်း မိစ္ဆာအတတ်တွေနှင့် ယုတ်ညံ့စွာပြုတတ်ကြသည်။

ကံနိမ့်သည့်အခါ ... ဝဋ်ကြွေးတွေပါသည့်အခါ ခံကြရသည်။

ဘယ်လိုပဲဖြစ်ဖြစ်ပါ ...


ကံတရားနဲ့ရေစက်ကုန်တဲ့အခါ အားလုံးခွဲကြရမှာပဲဆိုတာတော့ ခင်ချိုပြုံးဦး သိစေချင်ပါသည်ကို ...

ကျွန်တော်ကတော့ မခွဲသင့်ဘဲခွဲရသည့် သူတို့မိသားစုဘဝအတွက် အလွန် စိတ်မကောင်းဖြစ်ရလေတော့သည်။

၉၉၉

www.burmeseclassic.com





"တူ ... တူ ... "

"ဟဲလို ... ဖွားလောက်ကြီး"

"ဆရာ ဖွားလောက်ကြီး, ဝါ ဝန်ကောက်ကဆက်တာပါ"

အသံက အနည်းငယ်တိုးနေသည်။ နိုင်ငံခြားဖုန်းဆိုတော့ ပြည်တွင်းကလို အသံက ပကောင်း။

"ဟုတ်ကဲ့ ဝါ ပြော ... ဝါက မြန်မာပါနော်"

"မြန်မာပါ ဒီမှာအနေကြာသွားလို့ လေသံက ဝဲသွားတာ ... ဆရာ ဖွားလောက်ကြီးစာအုပ်တွေ ဝါ ကြိုက်တယ် ... ဒီမှာလည်း ဝယ်လို့ရတယ်"

"ဟုတ်လား"

"ဝါ စိညာဉ်တွေနဲ့ပတ်သက်ပြီး ကြုံခဲ့တဲ့အတွေ့အကြုံ ဆရာ့ကိုပြောပြမလို့"

"ပြောပါ"

"ဝါက အရမ်းအတွယ်ကြီးတာ ဝါ ဖြစ်ချင်တာဖြစ်ရမှ လိုချင်တာလည်း ရအောင်ကိုယူတာ ... ဝါ ရန်ကုန်မှာ အလုပ်လုပ်တုန်းက သိပ်ချစ်ခဲ့တဲ့ ချစ်သူရှိတယ် ...

သူက ဝါ့ကိုမချစ်ဘူး ... ကိစ္စတစ်ခုနဲ့မို့ လာပတ်သက်တယ်"

"ဟုတ်ကဲ့"

"ဝါ့ကို ကြိုက်တဲ့လူတွေအများကြီး ... တစ်ယောက်မှ ဝါ မကြိုက်ဘူး သူ့ကိုပဲ ဝါချစ်ခဲ့တယ် ... သူဖြစ်ချင်တာတွေ ဝါ အကုန်လုပ်ပေးတယ် ... ဝါ သူနဲ့တွေ့ရင် စိတ်ညို့ခံရသလို ဖြစ်သွားတယ်ဆရာ ...

နောက်တော့ ကောင်မလေးတစ်ယောက်နဲ့ သူလက်ထပ်သွားတယ် ... ဝါလည်း ခံစားရလွန်းလို့ နိုင်ငံခြားထွက်သွားတာ"

"ဩော် ... "

"ဝါ ... ပြောရင် ယုံမလားဆရာ ... ဟိုရောက်စမှာ သူ့ဝိညာဉ်က ဝါ့ဘေးမှာ အမြဲရှိနေတယ် ... အိပ်ပျော်ရာက ဖျတ်ခနဲလန့်နိုးရင် သူ့အရိပ်လိုလို အမြဲတွေ့နေတော့တာပဲဆရာရယ်"

"စွဲလမ်းစိတ်ကြောင့်လား"

"မဟုတ်ဘူး ဆရာ ... ရောက်စမို့ဆိုထားဦး ... နောက်နှစ်တွေမှာဆို အောက်တိုဘာလရောက်တိုင်း အဲလိုကိုဖြစ်နေတာ ...

အောက်တိုဘာလက သူ့မွေးလ်လေ ... တစ်လလုံး အဲလိုကိုဖြစ်နေတာ"

"အထူးအဆန်းပါလား"

"ဟုတ်တယ်ဆရာ ... သူ့မျက်နှာက ညှိုးနေတယ် ... ဝါ ဘေးမှာထိုင်ပြီး ဝါ့ကိုကြည့်နေတာ ... ညတိုင်းပါပဲဆရာရယ်"

"ဘယ်နနှစ်ရှိပြီလဲ"

"ခုနစ်နှစ်"

"ဗျာ ... "

"ဘာလို့လဲဆရာ ... ဝါပြောတာ ဘာမှားသွားလို့လဲ"

"မမှားပါဘူး ဆက်ပြောပါ"

"သူ့ သတင်းကြားရတာ သူ ဒုက္ခရောက်နေတယ်ကြားတယ် ... ဝါ သူ့ကို ခေါ်ပါတယ် သူမလိုက်ဘူး ...

www.burmeseclassic.com

www.burmeseclassic.com

ဝါလေ … အောက်တိုဘာရောက်မှာ ကြောက်နေတယ် … သူ ဘာလို့ ဝါ့ဘေးနားရောက်ရောက်လာတာလဲ ဆရာရယ်”

“ဝါ … ”

“ဟုတ်ကဲ့ … ”

“ဝါ့ချစ်သူက သေဆုံးပြီးပြီဆိုရင်တော့ ကျွန်တော် အဖြေပေးလို့ရပါတယ်၊ အခု မသေဆုံးတဲ့လူက အောက်တိုဘာလ ရောက်ရင် ဝါ့ဘေးနားမှာ ဝိညာဉ်အဖြစ် ရောက်လာတယ်ဆိုတော့ သူမွေးနေ့မှာ ဒါမှမဟုတ် အောက်တိုဘာလမှာ ဝါ သူနဲ့ ပတ်သက်လို့ ဘာတွေများလုပ်ခဲ့ဖူးပါလဲ”

“ရှင် … ဝါ … ဝါ ဘာမှမလုပ်ပါဘူး”

တစ်ဖက်ဖုန်းက ကျသွားသည်။

တချို့သော အမျိုးသမီးတွေဟာ အတွေ့လွန်မှုနောက်ကွယ်မှာ သူတို့ပြန်ခံစားရသည်ဆိုတာတော့ သတိရှိဖို့ကောင်းမည်ဟု ကျွန်တော်ထင်ပါသည်။

၉၉၉

“မြူ … လျှောက်သွားစရာမလိုပါဘူး … မြူပြောသလို ဆက်နေမယ်ဆို သိပ်မကြာခင်မှာ လာခေါ်လိမ့်မယ်”

“ခစ် … ခစ် … မညောင်းတော့ဘူးပေါ့”

ဆက်ပြောလည်း ဘာမှထူးမှာမဟုတ်တဲ့အတွက် ဖုန်းကို ချလိုက်သည်။ လူငယ်တချို့မှာ ပတ်ဝန်းကျင်နဲ့အပေါင်းအသင်းများပြီး ကိုယ်လုပ်ချင်ရာကို အမှန်ထင်လုပ်ပြီး ဆန္ဒကို ဦးစားပေးတဲ့အခါ အမှားတွေဖြစ်လာပါတယ် …

အဲဒီအမှားတွေ သိလာတဲ့အခါ …

မြူဆိုသည့် မိန်းကလေး ဇရဲကို လမ်းလျှောက်သွားရင်ရမလားဆိုတဲ့ မေးခွန်းမေးလာမလား ဆိုတာ အချိန်တစ်ခုထိ မြူ ဖုန်းဆက်မယ့်အချိန်ကို ကျွန်တော်စောင့်မိဦးမှာပါ …


ဇရဲဆိုတဲ့ခရီး မဝေးပါဘူး …

မြူသိပါစေလို့ …

၉၉၉

www.burmeseclassic.com





"တူ ... တူ ... "

"ဟဲလို ... ဗွားလောက်ကြီးပါ"

"ဆရာ ဗွားလောက်ကြီး ကျွန်တော့်နာမည်မြင့်မိုရ်ပါ"

"ကိုမြင့်မိုရ်ပြောပါ"

"ကျွန်တော့် အမျိုးသမီးဆုံးသွားတာ တစ်လလောက်ရှိပါပြီ သူ မကျွတ်မလွတ် ဖြစ်နေတယ်ဆရာ"


"ဟုတ်လား ... ကိုမြင့်မိုရ် ဘယ်လိုသိပါလဲ"

"ည ... ည ... ကျွန်တော်တို့ ခြံထဲမှာ ငိုသံကြားရတယ်၊ ငိုသံကြားရပြီး သိပ်မကြာခင် ကျွန်တော့်သမီးလေးငိုတော့တာပဲ"

"စိတ်မကောင်းစရာပဲ ကိုမြင့်မိုရ်တို့ကို သံယောဇဉ်ရှိတဲ့စိတ်နဲ့ မကျွတ်မလွတ် ဖြစ်နေတာနေမှာပေါ့"

တစ်ဖက်မှ သက်ပြင်းသံကို ကြားရသည်။





"တူ ... တူ ... "

ဖုန်းသံအဆက်မပြတ်မြည်လို့နေသည်။ ဖတ်လက်စ စာအုပ်ကို ဘေးချကာကောက်ကိုင်လိုက်၏။

"ဟဲလို ဗွားလောက်ကြီးပါ"

"ဆရာ ဗွားလောက်ကြီး သမီးနာမည် မြူပါ"

"ဗျာ"

ကျွန်တော် အံ့ဩသွားသည်။ အခုတလော ဖုန်းဆက်သူတွေက နာမည်တွေက တစ်လုံးတည်း ထူးခြားတဲ့ တိုက်ဆိုင်မှုတွေလား။

"ဘာ ... အံ့ဩတာလဲ ဆရာ"

"မဟုတ်ပါဘူး ... ပြောပါမြူ ... မြူ ဘာပြောချင်တာလဲ"

"ငရဲရှိတာ ဆရာယုံလား"

"ဟင် ... ငရဲဆိုတာ ယုံတာပေါ့ ... ဘုရားဟောထဲမှာ မြေအောက် ရေနာအဝီစိအကျနဲ့ ဟောခဲ့တာလေ"

"သမီးကတော့ ငရဲကို မယုံဘူး"

"ဘာလို့လဲ မြူ"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် အံ့ဩစွာမေးလိုက်သည်။ ကောင်မလေးပုံက သူ့ကိုယ်သူ ယုံကြည်မှုရှိပုံရသည်။

"သမီးက ကောင်းတာဘာတစ်ခုမှမလုပ်ဖူးဘူး … အားလုံးက သမီးကို တစ်ကိုယ်ကောင်းဆန်တယ်တဲ့ … ဒုက္ခဖြစ်ရင် ဖြစ်တဲ့နေရာမှာမနေဘူး …

ကိုယ့်ကြောင့် သူများဒုက္ခဖြစ်လည်း မပူဘူး … ကိုယ်စိတ်ချမ်းသာဖို့ပဲလိုတယ်မလား"

"ဟုတ်လေ … မြို့ … အယူအဆတွေက"

"မသိဘူးဆရာ … လောလောဆယ်တော့ မြို့ အဆင်ပြေနေတယ် … မြို့က ကိုယ်လုပ်ချင်ရာ ဘာဖြစ်ဖြစ်လုပ်ရမှ ပတ်ဝန်းကျင်လည်း ဂရုမစိုက်ဘူး၊ ဘယ်သူ့ကိုမှလည်း မကြည့်ဘူး … အဖေကတော့ ပြောတယ် … သမီးကို ငရဲသွားမယ့်လူတဲ့ … ရယ်ရတယ်နော်"

အစွန်းရောက်ပြီး အတွေးတိမ်သည့် မိန်းကလေးကို ကျွန်တော် ဘယ်လိုပြောရမလဲ။

"မြို့ကို ဆရာပြောမယ် … လောကမှာ ကိုယ့်ကိုယ်ကျိုးထက် ပိုဦးစားပေးရတာတွေရှိတယ် … လူဟာ ဒီအတိုင်းမနေဘူး … ကိုယ်နိမ့်တဲ့အခါ ဒုက္ခရောက်တဲ့အခါ ကိုယ်က ဘာမှမလုပ်ပေးရင် ဘယ်သူမှ ကိုယ့်ကိုလုပ်ပေးမှာမဟုတ်ဘူး၊

ကိုယ်က သူများကို ဒုက္ခပေးခဲ့ရင် ကိုယ်လည်း ဒုက္ခပြန်ခံရတတ်တယ်၊ အသက်တွေက ကြီးသွားမှာမလား"

"မသိဘူး ဆရာရယ် … မြို့က လက်ရှိအချိန်ပဲတန်ဖိုးထားတယ်၊ စိတ်ချမ်းသာအောင်နေမယ် … အားလုံးဟာ ကိုယ်ပြောတဲ့အတိုင်းဖြစ်ရမယ်"

"မြို့က ကိုယ့်အတွေးနဲ့ကိုယ်ဟုတ်နေတာပဲ … တစ်ခုတော့ရှိတယ် … လောကမှာ အရာရာ တစ်ကိုယ်ကောင်းဆန်သူကို နေရာသိပ်မပေးဘူး … ထိုက်သင့်တဲ့ ဒဏ်တော့ခတ်တယ်"

"ခစ် … ခစ် … ရယ်ရတယ်ဆရာ … ဆရာ့ကိုမေးရဦးမယ် … လူ့လောကနဲ့အနီးဆုံး ငရဲက ဘယ်လောက်ဝေးလဲ"

"ယူဇနာ သုံးဆယ်ပါ"

"လမ်းလျှောက်သွားရင်ရောက်လား"

"မဟုတ်ဘူး ဆရာ … သူက ကျွန်တော်တို့သားအဖကို အရမ်းမုန်းတာ၊ ဆေသောင် ဒုက္ခတွေလည်း တအားပေးတာ၊ ကျွန်တော့်သမီးလေးဆို အရမ်းသနားဖို့ကောင်းတယ်၊ မိခင်ဆိုက မေတ္တာမရရှာဘူး"

"ဘယ်လိုဖြစ်ကာလဲ"

"ကျွန်တော့် အမျိုးသမီးက သိပ်အတ္တကြီးတာဆရာ၊ သူဖြစ်ချင်တာအကုန်လုပ်တာ၊ သေတာလည်း အဲ့ဒီစိတ်နဲ့သေတာ ကျွန်တော် အကြိမ်ကြိမ်ခွင့်လွှတ်ခဲ့ပါတယ်၊

အခုလည်း ကျွန်တော်တို့သားအဖဘဝထဲကနေ တမလွန်ကို အပြီးသွားပြီလေ၊ ဒါပေမဲ့ ဝိညာဉ်ဘဝနဲ့ ဒုက္ခလာပေးပြန်ပြီ"

"ကိုမြင့်မိုရ် စိတ်စွဲလို့လား"

"မဟုတ်ဘူး ဆရာ … ကျွန်တော် သူ့ကို စိတ်ထဲမရှိတာ ကြာပါပြီ … သူ့ကိုပေးမယ့် မေတ္တာတွေနဲ့ ကျွန်တော်လုပ်ပေးနိုင်တာအားလုံး ကျွန်တော့်သမီးကို လုပ်ပေးနေပါတယ်"

"ကိုမြင့်မိုရ်ကို တစ်ခုမေးချင်တယ်"

"မေးပါဆရာ"

"ကိုမြင့်မိုရ် အမျိုးသမီးဆုံးတော့ အမျှဝေပေးလား။ သူသာဓုခေါ်နိုင်အောင်လေ"

တစ်ပက်ပုန်းပြောတဲ့ ကိုမြင့်မိုရ်ရဲ့အသံက လျှော့ကျသွားပြီး …

"သူ ရက်စက်ခဲ့တာ ကမ်းကုန်အောင်ပါပဲ ဆရာ … ကျွန်တော် ဘာတစ်ခုမှ သူ့ကိုမတုံ့ပြန်ခဲ့ပါဘူး … အတုံ့အလှည့်မယူချင်တဲ့သဘောပါ … ဒါပေမဲ့ ကျွန်တော် သူ့ကိုတစ်ခုပဲမလုပ်ပေးခဲ့ပါဘူး … အဲဒါ အမျှမဝေပေးဘူးဆရာ"

"အဲလိုဆို သူ ပြိတ္တာဘဝနဲ့ မကျွတ်မလွတ်ဖြစ်နေမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"မြို့တာဘဝနဲ့ ရှိနေတာပဲကောင်းပါတယ်ဆရာ ... မြို့တာဘဝက ကျွတ်ရင် သူ ဝဲရောက်မှာလေ"

"ဗျာ"

ဝန်းက ကျသွားသည်။

လောကမှာ ထိုသို့သော အတွေးဆန်းဆန်းတွေနဲ့ ရှိသူတွေ အံ့သြစရာကောင်းလောက်အောင် ရှိနေပါသည်။

ကိုမြင့်မိုရ်က တုံ့မယူလိုဟု ဆိုသော်လည်း သူ့ရဲ့ အမျှမဝေပေးမှုဟာ တစ္ဆေဘဝရောက်နေသည့်ဇနီးကို လက်စားချေတာလား။ သူပြောတော့ တစ္ဆေဘဝကကျွတ်ရင် ငရဲရောက်မှာစိုးလို့ဆိုတော့ ...

ကိုမြင့်မိုရ် စကားမှန်ခဲ့ရင် ကိုမြင့်မိုရ် မေတ္တာကို ကျွန်တော်မြင်နေရ၏။

ဒီအကြောင်းလေးကို မိတ်ဆွေတစ်ယောက်ကိုပြောပြတော့ သူက တိုက်တိုက်ဆိုင်ဆိုင် ကိုမြင့်မိုရ်ကို သူသိကြောင်း ကိုမြင့်မိုရ်တို့သားအဖကို သူ့ဇနီးက သစ္စာမဲ့ပြီး အကြိမ်ကြိမ်ဒုက္ခတွေပေးခဲ့ကြောင်း သိခဲ့ရပါသည်။

ထိုအခါမှ ...

အမျှမဝေပေးတဲ့ ကိုမြင့်မိုရ်ကို အပြစ်မတင်တော့ပါ။ လောကဓံရဲ့ ဗိုင်းဝန်းထုထောင်းခံရတဲ့ ကိုမြင့်မိုရ်ရဲ့ သည်းခံနိုင်မှုနဲ့ မေတ္တာထားနိုင်မှုကို မုဒိတာပွားရင်း ကိုမြင့်မိုရ်အတွက် သာဓုခေါ်မိတော့သည်။

ျပျပျ

## ပါဝင်သောအခန်းများ


အခန်း ၁။ ကြေးတောင်းသည့်မိစ္ဆာ

အခန်း ၂။ တစ္ဆေနိဒါန်း

အခန်း ၃။ ထုံးစံနဲ့မညီရင်

အခန်း ၄။ နေရာတောင်းသူ

အခန်း ၅။ အစွမ်းသိရမယ်

အခန်း ၆။ ကြောက်စိတ်နဲ့သူ

အခန်း ၇။ သူလာပြီ

အခန်း ၈။ ကျိမ်းမောင်းသံ

အခန်း ၉။ မညီမျှခြင်း

အခန်း ၁၀။ ဆန့်ရေမေတ္တာညှ

အခန်း ၁၁။ ငွေစုထားမယ်


www.burmeseclassic.com

www.burmeseclassic.com




အခန်း ၁၂။ နှုတ်ဆက်သွားသည့်ဝိညာဉ်

အခန်း ၁၃။ တစ္ဆေမကြီးတောင်းတဲ့ကတိ

အခန်း ၁၄။ လှည်းနောက်ကခွေးနက်ကြီး

အခန်း ၁၅။ မိစ္ဆာရဲ့နောက်ဆုံးည


အခန်း(၁)

## ကြွေးတောင်းသည့်မိစ္ဆာ

ညောင်ဝိုင်းရွာ

ရွာကကလည်းရွာကြီးတစ်ရွာ အိမ်ခြေကလည်းငါးရာကျော် အုပ်ချုပ်တာလည်း ရွာသူကြီးတစ်ယောက်တည်းဆိုပေမယ့် ရိုးသားတဲ့ရွာသူရွာသားတွေမို့ အုပ်ချုပ်ရတာလွယ်ကူလှသည်။

ရွာသူရွာသားအများစုက လယ်ယာလုပ်ငန်းကိုလုပ်ကိုင်ကြသလို တချို့လည်း စိုက်ပျိုးရေးခြံလုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်းတို့ကိုလုပ်ကိုင်ကြသည်။

ရွာကလူတွေ ဘယ်လောက်ပဲအလုပ်လုပ် ပြည့်စုံစွာကြွယ်ဝကြသည်ဟူ၍မရှိ။

ဆင်းရဲနွမ်းပါးစွာအကြွေးသံသရာထဲတွင် တဝဲလည်လည်ဖြစ်လို့နေသည်။

ထိုကဲ့သို့ အကြွေးတွေတဝဲလည်လည်ဖြစ်ရတာလည်း အကြောင်းရှိသည်။ အကြောင်းအမျိုးမျိုးနှင့် ရွာသို့ရောက်လာသော ချစ်တီးကုလားများကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အစိုးရဆီမှ အဝတိုးနည်းနည်းနှင့်ငွေကိုချေးယူကာ ဆင်းရဲသားလယ်ယာလုပ်သူထံမှ ဒြိုလယ်အိမ်ဝိုင်းမှစ၍ ကျွဲနွားအဆုံး ...

*တံငါလုပ်သူများထံမှာလည်း လှေ၊ ပိုက်အဆုံး အပေါင်ခံငွေချေးသည်။*

အတိုးကလည်း အဆမတန်မြင့်မားသလို ငွေပြန်မဆပ်နိုင်လျှင် အပေါင်ခံပစ္စည်းကို သိမ်းယူတော့သည်။

ထိုချစ်တီးကုလားကို မျက်နှာလိုမျက်နှာရလုပ်ကာ ချစ်တီးအလိုကျ လုပ်ပေးသူ ကိုသာအောင်ဆိုသည့်လူတောင် ယခင်ကအခြေမဲ့အနေမဲ့ဘဝကနေ အခုဆို ခြံနှင့်ဝိုင်းနှင့်ဖြစ်လို့နေလေပြီ။

ချစ်တီးကုလားမှာ အပေါ်အကျီမပါ။ ပုဆိုးနံ့ငယ်ပိုင်းကိုဝတ်လျက် တပည့်ဆိုသူများကို ထီးမိုးခိုင်းကာကြွေးရစရာရှိသည့် အိမ်များသို့သွားကာ စာနာငဲ့ညှာမှုမရှိဘဲ ကြွေးတောင်းလေ့ရှိသည်။

ချစ်တီးတပည့်များကလည်း သူတို့သခင်ချစ်တီးအလိုကျ ကြွေးပေးစရာရှိသူကို မာန်မဲဆဲဆိုကြ ရှိတဲ့ပစ္စည်းကို မတရားသိမ်းကြ။ လယ်ယာကျွဲနွားသိမ်းခံရသူမှာတော့ မျက်ရည်စက်လက်ဘာတတ်နိုင်မလဲ။

သူဆီက ပိုက်ဆံယူမိတော့လည်း ကိုယ့်ရှိတာပြန်ပေးရတာပေါ့ ... တားစရာမရှိရင်သာနေရမယ် ဆပ်စရာအကြွေးကို သိက္ခာအကျမခံဆပ်တတ်သည့် မြန်မာလူမျိုးတို့၏ ဓလေ့ထုံးစံကိုကောင်းကောင်းသိနေသည့် ချစ်တီးတို့ကတော့ အကျိုးအမြတ်ကိုများစွာရနေလေ၏။

"အမေ ... ညိုပြာကြီးကိုချစ်တီးကိုပေးရင် ကျုပ်တို့လယ်ကိုဘာနဲ့လိုက် လုပ်စားမလဲ"

သမီးဖြစ်တဲ့ ပန်းခရေကပြောတော့ ဒေါ်မြရှင်တစ်ယောက်သက်ပြင်းကို လေးကွေးစွာချလိုက်သည်။

"လယ်ကလည်း အခုဆိုလေးဧကပဲကျန်တော့တယ်၊ ဒီနွားနှစ်ကောင်နဲ့ လယ်လုပ်စားနေရတာ တစ်ကောင်ကိုချစ်တီးကိုပေးလိုက်ရရင် ကျုပ်တို့ဒုက္ခရောက်မှာပေါ့"





"ဘာတတ်နိုင်မလဲအေ ... သူ့ဆီကယူထားတဲ့ အကြွေးကိုဆပ်ဖို့ဘာ နည်းပဲရှိတယ်မလား"

ဒေါ်မြရှင်မျက်နှာမကောင်းစွာပြော၏။ ပန်းခရေကတော့ ...

"အို ... အမေကလည်း ကြွေးဆပ်တာတော့ တခြားနည်းနဲ့ဆပ်မှာပေါ့ ရှိတဲ့လယ်တွေလဲကြွေးနဲ့သိမ်းတာ ဘာကျန်တော့တာမှတ်လို့ နွားပါထပ်ပေးရရင်ကျုပ်တို့ငတ်သေတော့မယ် ... ယူတာကနည်းနည်းဆပ်ရတာကများများဆပ်လို့ကို မဆုံးနိုင်တော့ဘူး"

ပန်းခရေပြောတာမှန်တော့သည်မှန်သည်။ ပန်းခရေဖခင်ဦးထူးဆုံးတော့ သူတို့သားအမိမှာ လယ်ဆယ်ဧက ကျန်ခဲ့သေးသည်။ ဦးထူးယူခဲ့တဲ့ကြွေးတွေက ဘယ်လောက်မှန်းမသိ။ သူတို့သားအမိမှာ ကြွေးဆပ်ရတာ ရှိတာလေးတွေကုန်တော့မည်။

"ရှိတဲ့လယ်လေးနဲ့ လုပ်စားရတာ မငတ်ရုံစားနေရတာ ဒီကြားထဲ အမေက ကျွန်းမာရေးကောင်းတာမဟုတ်ဘူး"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ... သမီးရယ် ပေးစရာရှိတာ ပေးလိုက်တော့ ပြဿနာမဖြစ်တော့ဘူးပေါ့ ...

ချစ်တီးကုလားကလွယ်တာမဟုတ်ဘူး၊ သူ့အကြောင်းသိတယ်မလား"

ဒေါ်မြရှင်ကတော့ လူကြီးပီပီ ရှေ့ကြောင်းနောက်ကြောင်းစဉ်းစား၍ ပြောလေ၏။

ပန်းခရေကတော့ နဂိုကတည်းက စိတ်ထက်သူဖြစ်တာကြောင့် ...

"ကျုပ်ဒုက္ခရောက်တာထက် အမေဒုက္ခရောက်မှာစိုးတယ်၊ ကျုပ်တို့ ညိုပြာကြီးကိုမပေးချင်ဘူး"

"မပေးချင်လို့မရဘူးသမီး ... အခုညနေပဲ ချစ်တီးကုလားတို့အိမ် သွားပို့မယ်"

"အို ... လာပါစေ အမေရယ် ကျုပ်နဲ့တွေ့မယ်"

ဒေါ်မြရှင် သမီးကိုဘာမှမပြောတော့ ဖြစ်လာသမျှအကောင်းပဲဟု စိတ်



www.burmeseclassic.com

www.burmeseclassic.com



သဲထားလိုက်သည်။

ပန်းခရေက ထက်ထက်မြက်မြက်ရှိသလို ကြောက်လည်းကြောက်တတ် ... အမေဟုတ် ... တစ်ဦးတည်းသောသမီးဆိုပေမယ့် ယောကျ်ားလေးမွေးထားတာ ... ထော်ငိုအားကိုးရသည်။

ရွာမှာဆို ပန်းခရေကအချောဆုံးအလှဆုံးဆိုပေမယ့် တခြားမိန်းကလေး ... တွေလို နုနုညံ့ညံ့နေတာမဟုတ် ... ကိုယ်တိုင်လယ်ထွန်ပျိုးနုတ် ကြမ်းကြမ်း ... တမ်းတမ်းလုပ်နိုင်သည်။

"ချစ်တီးကုလားလာရင် ပြေပြေလည်လည်ပြောပါသမီးရယ် ... တော်ကြာ သူကြီးအိမ်ရောက်မြို့ဂတ်ရောက်ဖြစ်နေမှ ကိုယ်ကျိုးနည်းပါ့မယ်"

"အမေအသာနေပါ ကျုပ်ဘာသာကြည့်ရှင်းပါ့မယ်"

ပန်းခရေအံကိုခပ်တင်းတင်းကြိတ်ကာ ပြောလိုက်လေတော့သည်။

❀ ❀ ❀



"ဒေါ်မြရှင် ... ဒေါ်မြရှင်"

ခြံရှေ့ကကျယ်ကျယ်လောင်လောင် လှမ်းခေါ်တဲ့အသံကြောင့် ပန်းခရေ ... အိမ်ပေါ်မှလှေခါးထစ်အတိုင်း အိမ်အောက်သို့ဆင်းလာသည်။

"ဘယ်သူတွေလဲ"

"တို့ပါ ... သူဌေးချစ်တီးအဖွဲ့ နင့်အမေဒေါ်မြရှင်ကိုတွေ့ချင်လို့"

"ဝင်ခဲ့"

ပန်းခရေပြတ်ပြတ်ပြော၍ အိမ်အောက်ရှိခုံတန်းလျားခွဲဝင်ထိုင်ကာ ... ထိုင်စောင့်နေသည်။

အသားကမည်းမည်း ခေါင်းကပြောင်ပြောင် ဗိုက်ဖြူနံ့ငယ်ပိုင်းကိုဝတ် ... အပေါ်အင်္ကျီမပါ ချစ်တီးကုလားနှင့်အတူ ကိုသာအောင် ဖိုးထိန်တို့ခြံထဲဝင် ... သည်။

ကိုသာအောင်က ...

"ဟဲ့ ... ပန်းခရေ နင့်အမေဒေါ်မြရှင်ဘယ်မှာလဲ"

မေးလေရာ ... ပန်းခရေက–

"အမေရွာအနောက်ပိုင်းသွားတယ် ... ပြောစရာရှိရင်ကျုပ်ကိုပြော"



www.burmeseclassic.com

www.burmeseclassic.com



ခပ်ပြတ်ပြတ်ပြောလိုက်ရာ သာအောင်ကအင်္ကျီထဲထည့်လာသည့် စာရွက်ကိုထုတ်ပြီး ...

"နင်တို့လယ်တွေပေါင်ထားတာ ဒီနေ့ပြည့်တယ်၊ ရွေးနိုင်မယ်ဆိုရွေး၊ မရွေးနိုင်ရင် နင်တို့လယ်ကိုသိမ်းမယ်ဆိုတဲ့ အကြောင်းလာပြောတာ"

"ဘာ ... "

ပန်းခရေအသံကျယ်လောင်စွာထွက်ပေါ်လာသည်။ ချစ်တီးကတော့ ပန်းခရေကိုသဘောကျစွာ မျက်လုံးကျွတ်မတတ်ကြည့်နေ၏။

ကိုသာအောင်က အပြုံးမပျက်ဘဲ ...

"သူများဆီက ပိုက်ဆံယူထားတာ ပေးရမှာပေါ့၊ အရင်းမဆပ်နိုင်သေးရင် အတိုးဆပ်ရတယ်လေ"

"ဘာအတိုးလဲ ... အတိုးကဆပ်လို့ကိုမဆုံးနိုင်ဘူး၊ ယူထားတဲ့ ပိုက်ဆံကနည်းနည်းလေး ပေးလိုက်ရတဲ့အတိုး လယ်တောင်လေးကေပဲကျန်တယ်"

ပန်းခရေက ခပ်ပြတ်ပြတ်ပြန်ပြော၏။ ကိုသာအောင်က စာချုပ်ကိုပြလျက် ...

"ဒါ နင့်အဖေကိုယ်တိုင်လက်မှတ်ထိုးပြီး ချေးထားတဲ့စာချုပ်၊ ငါတို့ကလည်း မတရားမလုပ်ပါဘူး၊ စာချုပ်ပါအတိုင်းလာတောင်းတာ ဟဲ ဟဲ"

"မလိုဘူး ... မပေးနိုင်ဘူး"

ပန်းခရေကလည်း ခပ်ပြတ်ပြတ်ပြောလေရာ ချစ်တီးကဘာမှဝင်မပြော ပန်းခရေကို ရမ္မက်ထန်သည့် မျက်လုံးတို့ဖြင့် ကြည့်နေ၏။

"မပေးလို့မရဘူး နင့်အမေကို အတိုးအဖြစ်နွားပြာကြီးပေးလို့ပြောထားတယ်"

ဖိုးထိန်က ချစ်တီးမျက်နှာရစေရန်ဝင်ပြောရာ ပန်းခရေရဲ့မျက်နှာ ဒေါသကြောင့် နီးမြန်းလာပြီး ...

"မပေးဘူး ... ဘာမှမပေးနိုင်ဘူး"





အော်လိုက်ရာ ချစ်တီးကုလားက လက်ကာလျက် ...

"အို ... ပြေလည်အောင်ရှင်းကြပါ၊ ကောင်မလေး အစ်ကိုကြီးတို့ကို စိတ်မဆိုးပါနဲ့ ကောင်မလေးအားတဲ့တစ်ရက် အိမ်ကိုလာပါ၊ အ အကိုကြီးနဲ့ ဆွေးကိုစွည့်ကြတာပေါ့"

ဗမာစကားကို မပီကလာ ပီကလာနှင့်ပြော၍ ပန်းခရေတစ်ကိုယ်လုံးကို စားမတတ် ဝါးမတတ်ကြည့်ကြည့်ပြီး သူ့တပည့်များကိုလက်ပြ၍ ခြံပိုင်းထဲမှ ထွက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အကောင်းကြီးမှ ရုတ်တရက်ဆုံးပြီ ဆိုပြီး ...

အခန်း(၂)

## တစ္ဆေနှိဒါန်း

"ဟုတ်လို့လား ... ဟယ်၊ ချစ်တီးရဲ့ရာဇဝင်မှာ ကြွေးတောင်းရင်းနေသာ ပြန်ရိုးရှိလို့လား"

"တကယ်ပြောတာ ငါလည်းနားရှိလို့သာကြားရတာ ယုံတောင်မယုံဘူး"

ရွာထဲမှာတော့ ပန်းခရေတို့အိမ် ချစ်တီးကုလားကြွေးလာတောင်းတာကြွေးမရလို့ အသာတကြည်အိမ်ပြန်သွားတဲ့အပြင် ရန်တွေ့လှတ်သည့် ပန်းခရေအား ချစ်တီးကုလားက စိတ်မဆိုးတဲ့အကြောင်း ပြောမဆုံးအောင်ဖြစ်နေသည်။

"အေးလေ ... ပန်းခရေတို့များ ဘာအစွမ်းထက်လည်းမှမသိတာ"

"ချစ်တီးကုလားကလည်း ပန်းခရေတို့အကြွေးနဲ့ပတ်သက်ပြီး ကိုအောင်တို့ကိုတောင် မတောင်းနဲ့တော့လို့ ပြောတယ်ဆိုပဲ"

"ဟယ် ... အဲလိုလား"

ရွာထဲမှာတော့ ပန်းခရေအကြောင်းကိုတစ်ယောက်တစ်ပေါက်ပြောလို့ပြီးသည်။

www.burmeseclassic.com



ထုံးခြားတာက အခုရက်ပိုင်းအတွင်း ချစ်တီးကုလားတစ်ယောက် ညနေဘက်ဆို ပန်းခရေတို့အိမ်ရောက်လာတတ်သည်။

ဒေါ်မြရှင်ကတော့ ချစ်တီးကုလားရောက်လာလျှင် မျက်လုံးပြူးမျက်ဆံပြူးနှင့် ခုံနေရာလေးပေးကာ ဆက်ဆံပေမယ့် ပန်းခရေကတော့လုံးဝဂရုမစိုက်

"အဒေါ်ကြီးနေကောင်းရဲ့လား"

"ကောင်းပါတယ် သူဌေး ... ကောင်းပါတယ်"

ချစ်တီးကုလားအမေးကို ဒေါ်မြရှင်အသံတုန်တုန်ဖြင့်ဖြေသည်။

"အဒေါ်ကြီးတို့သားအမိနှစ်ယောက်တည်း လုပ်ကိုင်စားရတာအဆင်ပြေရဲ့လား"

"သြော် ... ဒီလိုပါပဲ သူဌေးရယ် မိန်းမသားတွေပဲရှိတာဆိုတော့ ဘယ်ပြေပါ့မလဲ သူဌေးကိုကြွေးဆပ်ချင်ပေမယ့် ... "

"ဟိုး ... ဟိုး ကျုပ်ပြောတာအကြွေးအကြောင်းမပါဘူး၊ အဒေါ်ကြီးတို့ ကျုပ်ကိုဆပ်စရာရှိတဲ့အကြွေးတွေကို ခေါင်းထဲထည့်မနေပါနဲ့"

"ရှင်"

ဒေါ်မြရှင်တစ်ယောက် နှုတ်ဆိတ်ကာ အံ့သြလွန်းသည့်အကြည့်တွေနှင့် ချစ်တီးကုလားကိုကြည့်လိုက်သည်။

"အဒေါ်ကြီးတို့ လယ်တွေမှာခိုင်းဖို့ ကျုပ်အလုပ်သမားတွေလွှတ်ပေးမယ်"

"မလိုဘူး"

ဘယ်အချိန်အနားရောက်လာမှန်းမသိသည့် ပန်းခရေက စကားတိုတိုပြတ်ပြတ်ပြောလိုက်၏။

"ခ ... ရေ ... လေးတို့ အခုလို တပင်တပန်းလုပ်စားနေတာကို အစ်ကိုကြီးမကြည့်ရက်လို့ပါ"

"မလိုဘူး ... အရင်တည်းက အခုလိုပဲလုပ်စားလာတာ"

ချစ်တီးကုလား ပါးစပ်ကိုအစွမ်းကုန်ဖြဲကာ ပြုံးရယ်ထားပြီး ...





"ခရေလေးတို့ပြေလည်မှ ခရေလေးအမေကို ဆေးကုနိုင်မှာမလား"

"ရတယ် ကျုပ်ရအောင်ကုမယ်၊ ရှင်ဘာမှလုပ်ပေးစရာမလိုဘူး"

"သမီး"

ဒေါ်မြရှင်ကဝင်ဟန့်ပေမယ့် ခရေက ချစ်တီးကုလားကိုမျက်နှာကိုစေ့စေ့ကြည့်လျက် ...

"ရှင့်အကြွေးကိုလည်း ဖြစ်တဲ့နည်းနဲ့ရအောင်ဆပ်မှာ စိတ်ချ"

"အို ... ကြွေး ကိစ္စ ခရေလေးခေါင်းထဲ"

"ရှင် ... ပြန်တော့ ... "

ပန်းခရေက ခပ်မာမာပြောတော့ ချစ်တီးကုလား ဆက်မနေဝံ့တော့ပဲ ပြန်ရန်မတ်တတ်ရပ်၍ ...

"ခရေလေး အကူအညီလိုတဲ့အချိန် အချိန်မရွေး အစ်ကိုကြီးဆီ အကူအညီတောင်း အစ်ကိုကြီးပေးမယ်"

ပြောကာခြံထဲမှ ထွက်သွားတော့ ပန်းခရေလည်း ပြင်းပြင်းတောက်ခေါက်လိုက်သည်။

"တောက် ... "

"သမီးရယ် ... ချစ်တီးသူဌေးကိုအားနာစရာကွယ် သူ့ခမျာစေတနာအမှန်နဲ့ အမေတို့ကိုကူညီချင်နေတာနေမှာပါ"

ဒေါ်မြရှင်က သမီးဖြစ်သူပန်းခရေကို ဖျောင်းဖျောင်းဖျဖျပြော၏။

ပန်းခရေက ...

"ဘာစေတနာ့အစစ်အမှန်လဲ အမေ ... ဒီကုလားဘာစေတနာနဲ့ထွင်တဲ့ အမေသိလား၊ မယားကြီးငုတ်တုတ်နဲ့ သူများသားပျိုသမီးပျိုကို ကြောင်နှိုက်ချင်နေတာ အမေရဲ့ ...

ငွေရှိတိုင်းအရာရာဖန်တီးလို့ရမယ်ထင်နေတာ ... ကျုပ်ကိုတော့ ဘာလုပ်လို့မရဘူး"

"သမီးရယ် ... တချို့ကိစ္စတွေမှာ စိတ်ထင်တိုင်းလုပ်လို့မရဘူး

www.burmeseclassic.com



အပြေလည်ဆုံးဖြစ်အောင် စဉ်းစားရတယ်''

''တခြားလူတွေအတွက်ဆို စဉ်းစားရင်စဉ်းစားမယ်၊ ဒီကုလားအတွက်တော့ ဘယ်လိုမှမစဉ်းစားပေးနိုင်ဘူး''

ပန်းခရေပြောကာ နွားစာထည့်ရန်အတွက် သူ့အမေရှေ့မှထွက်ကာလာခဲ့တော့သည်။

❀❀❀



''ဟုတ်လို့လား ...''

''သေချာပါတယ်အေ ... ရုတ်တရက်ကြီးဆိုတော့ ထင်တောင်မထင်ဘူး''

ချစ်တီးကုလားမိန်းမဆုံးသွားတယ်ဆိုတော့ ရွာထဲအုပ်အော်သောင်းနင်းဖြစ်နေသည်။

ရွာထဲလူတိုင်းရဲ့ ပါးစပ်ဖျားမှာ ကုလားချစ်တီးမိန်းမ မဲမဲဝဝ မျက်လုံးပြူးပြူး ကုလားမကြီးရဲ့ပုံကို မြင်ကာပြောဆိုနေကြသည်။

''ကုလားမကြီးက ကျန်းမာရေးအကောင်းကြီးပါ၊ ဘယ်လိုဖြစ်ပြီးဆုံးသလဲ''

''မသိပါဘူးအေ ... သူ့သားသမီးတွေကလည်း အရှယ်ရောက်နေပြီထင်တယ်မလား ... ရွာရစ်နဲ့ အမီနာလေ ...

သူတို့ငိုသံက ပတ်ဝန်းကျင်တောင်မခံနိုင်ဘူး၊ ကုလားသံနဲ့ဆိုတော့ကြားရတာနားမချမ်းသာစရာလို့ပြောနေကြတယ်''

''အေးဟယ် ... တို့တွေလည်းသတင်းသွားမေးကြတာပေါ့''

ချစ်တီးကုလားခြံဝိုင်းထဲမှာတော့ မသာသတင်းလာမေးသူတွေနဲ့ပြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးကိစ္စ ကုလားနှင့်မကင်းကြသူတွေဖြစ်တာကြောင့် မျက်နှာရစေရန် လာရောက်ကြခြင်းဖြစ်သည်။

ကုလားမကြီးကို ဝါးကပ်ပေါ်တင်ကာ အလောင်းပြင်ထားပုံမှာ မြင်ရုံနှင့် ပင်ကြောက်စရာကောင်းလွန်းလှသည်။

သူ့သားနှင့်သမီးက အလောင်းဘေးနားထိုင်လျက် ကုလားလိုပြောကာ ငိုယိုလို့နေ၏။ ချစ်တီးကုလားကတော့ သူဒီရွာမှာနေလာတဲ့ သက်တမ်းတစ်လျှောက် တစ်ခါမှအခုလောက်ရက်ရောစွာ ကျွေးမွေးတာမရှိ ...

သူ့မယားသေတဲ့နေ့မှစ၍ ထမင်းကိုအသီးစုံဟင်းနှင့်ကျွေးတော့သည်။

"သာအောင် လာသမျှလူတွေ အကုန်လုံးကိုအဝသာကျွေး ... စားကြနော် ... စားကြ"

"သူဌေးအလောင်းမြေချဖို့ကိစ္စ ဘယ်လိုလုပ်မှာလဲ"

"ငါကိုယ်တိုင် သင်္ချိုင်းသွားမယ် သုဘရာဇာကိုမြေကျင်းနက်နက်တူးဖို့ပြောရမယ်"

"ကျုပ်တို့လည်း လိုက်မယ်လေ"

"လိုက်မနေနဲ့ ငါ့မိန်းမအတွက်ငါ့ဘာသာ တစ်ယောက်တည်းသွားမယ်"

ချစ်တီးကုလားကပြောကာ ခြံဝိုင်းထဲမှထွက်လာသည်။ ရွာလယ်လမ်းမအတို်း လျှောက်လာရင်း လမ်းတွေ့သည့် လူများကသူ့ကိုနာရေးသတင်းမေးတာကို ခပ်ပြုံးပြုံးနှင့်ဖြေတာကြောင့် မေးသူတွေ အံ့သြရသည်။

"ဘယ်လိုလဲကွ ... ချစ်တီးကုလားက သူ့မယားသေတာ စိတ်မကောင်းမဖြစ်ဘဲ ပျော်နေပုံပဲ"

"အေး ... ဟုတ်တယ်ကွ၊ နောက်မယားတွေ့နေပြီလားမသိဘူး"

"ဒီကုလားကလွယ်တာမဟုတ်ဘူး၊ အသက်ကသာလေးဆယ်ကျော်ငါးဆယ်နားကပ်နေပြီ ငယ်ငယ်ချောချောကောင်မလေးတွေတွေ့ရင်မနေနိုင်ဘူး ငွေနဲ့ပေါက်ပြီး ဝယ်မယ့်သဘောမှာရှိတယ်ကွ"

"အေး ... ဟုတ်တယ်"





ဘယ်သူတွေဘာပဲပြောပြော ချစ်တီးကုလားကသူ့အတွေးနှင့်သူ ရွာထဲက ဖြတ်၍ သင်္ချိုင်းသွားရာလမ်းအတိုင်းလျှောက်လာသည်။

သူ့ဆန္ဒက သူ့မယားကြီးမြန်မြန်မြေကျရေးဖြစ်သည်။ မြန်မြန်မြေကျမြန်မြန်ရက်လည်မှ သူလုပ်ချင်ရာကိုလုပ်လို့ရမယ်လေ သူတို့ဘာသာထုံးစံနှင့် ဆိုကြာနေဦးမည်။

*ချစ်တီးကုလား သူ့အတွေးနှင့်သူ အကျေနပ်ကြီးကျေနပ်နေလေတော့သည်။*

www.burmeseclassic.com

မသာထမလာနိုင်အောင်
တွင်းနက်နက်သာတူးဆိုပြီ ...

အခန်း(၃)

## ထုံးစံနဲ့မညီရင်

''ဗျို့ ... သုဘရာဇာကြီး''

တဲရှေ့မှခေါ်သံကြောင့် သုဘရာဇာကြီး တဲပြင်သို့ထွက်လာသည်။

''ဟင်''

ချစ်တီးကုလားကို မြင်တော့ အံ့ဩလို့သွား၏။

''သုဘရာဇာကြီး ကျုပ်မယားဆုံးသွားတာ သင်္ဂြိုဟ်ချင်လို့''

''သင်္ဂြိုဟ်ချင်တာ သင်္ဂြိုဟ်လို့ရပါတယ်၊ ခင်ဗျားတို့ဓလေ့ထုံးစံက
...လိုမှန်းမသိတော့ ခင်ဗျားသင်္ဂြိုဟ်ချင်တဲ့ပုံစံပြောပါ''

''ကိစ္စမရှိဘူး ... ဗမာလိုပဲသင်္ဂြိုဟ်မယ်''

''လူမျိုးတစ်မျိုးဟာ ဓလေ့ထုံးစံအတိုင်းပဲလုပ်ပါ တော်ကြာခိုက်နေဦး
...

သုဘရာဇာကြီးက ချစ်တီးကုလားနားဝင်အောင်ပြောပေမယ့် ချစ်တီး
...ကမရ သူကအလွယ်သာလုပ်နေချင်နေသည်။

ထို့ကြောင့် ...

''တွင်းသာနက်နက်တူးဗျာ''

---

ချိုရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုသဘောလဲဗျ ..."

"ခင်ဗျားတို့ ဗမာတွေမြေမြှုပ်သင်္ဂြိုဟ်ရင် တူးတဲ့တွင်းထက် နက်အောင် ငိုဥ္ ‌အဲဒါဆိုရပြီ"

သုဘရာဇာကြီး စိတ်ညစ်သွားရသည်၊ ဒီကုလားကဘယ်လိုကုလားမှန်း မသိ။ သူထင်ရာလျှောက်ပြောလို့နေ၏။

"အဲဒါ ... ခင်ဗျားတို့ ထုံးစံလား"

"ထုံးစံတွေ ဘာတွေတောမသိဘူး၊ တွင်းနက်နက်ထဲအလောင်းရောက် သွားတော့ ပြန်ထမလာနိုင်တော့ဘူးပေါ့"

"ဘာလဲ ခင်ဗျားမိန်းမထလာမှာကြောက်လို့လား"

ချစ်တီးကုလားကို သုဘရာဇာကြီးက အမြင်ကပ်စွာပြောပေမယ့် ချစ်တီးကုလားက ရယ်ကျယ်ကျယ်နှင့် ...

"ဟုတ်တယ် သုဘရာဇာကြီးရေ တွင်းနက်တော့မထနိုင်တော့ဘူးပေါ့ ဟား ဟား"

ပြော၍ တဟားဟားရယ်မောကာ တွင်းတူးခကျသင့်ငွေကို သုဘရာဇာ ကြီးအားပေးကာ သချိုင်းထဲမှထွက်လာခဲ့လေသည်။

သုဘရာဇာကြီးက ...

"မယားသေလို့ အူမြူးပြီးပျော်နေတာ၊ ဒီကုလားတစ်ယောက်ပဲရှိတယ် တစ်ယောက်တည်းရေရွတ်ကာ သချိုင်းထဲကျန်ခဲ့တော့သည်။

❀ ❀ ❀



ချစ်တီးကုလားက သူ့မယား အသုဘကိုအကျွေးအမွေးတွေနှင့်လုပ် ...ကြောင့် တစ်ရွာလုံးမီးနိုးတိတ်ပဲ ...

ဗမာတွေမသာလိုပင်သုံးရက်ပြည့်တော့ချကာ ခုနှစ်ရက်ပြည့်တော့ ...ထည့်ဆွမ်းသွပ်၏။

သူကိုယ်သူလည်း မောင်ကျော်ဟုဗမာနာမည်ပြောင်းလိုက်သေးသည်။

"ကျုပ်က ခင်ဗျားတို့ဗမာတွေနဲ့အတူ နေလာတော့ အားကျတာနဲ့ ...ည်ပြောင်းလိုက်တာ အိမ်ထောင်ထပ်ပြုရင်လည်း ဗမာမလေးနဲ့ပြုမယ်"

သူ့အိမ်လာသမျှ လူတွေကို ထိုစကားကိုထပ်တလဲလဲသာပြောဆိုနေ ...

အားလုံးလိုလိုက မကောင်းတတ်လို့သာနားထောင်ခနေရသည်၊ ချစ်တီး ...စကားကို မနှစ်မြို့ကြ။

ကြာလေ အမြင်ကပ်လေဖြစ်လေသည်။

ချစ်တီးကုလားတစ်ယောက် ရက်လည်ပြီးတာနှင့် ပန်းဆရာတို့အိမ်ကို ...ပေါက်မတတ်သွားတော့သည်။

ဒေါ်မြရှင်ကိုလည်း သွားတိုင်းလက်ဆောင်ပစ္စည်းများပေးကမ်းလေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com



"အဒေါ်ကြီးဘာမှ အားမငယ်နဲ့နော်၊ ကျွန်တော်အားလုံးတာဝန်ယူ
မယ်"

"သူ့ဒွေးလည်း ဒုက္ခရှာလို့ နောက်ဘာမှယူမလာပါနဲ့ အရမ်းအားနာ
ကောင်းနေပြီ"

"အဒေါ်ကြီးကလည်း ကျွန်တော့်ကို ကိုယ့်သားတစ်ယောက်လိုသဘော
ထားပါ လိုအပ်တာအကုန်ပြော ကျွန်တော်လုပ်ပေးမယ်"

"ဟင်"

ဒေါ်မြရှင် မျက်လုံးပြူးသွားသည်။ သူ့ကိုသားတစ်ယောက်လို သဘော
ထားရအောင် ဒေါ်မြရှင်နှင့် ချစ်တီးကုလားက ကွာလှအသက်ငါးနှစ်ခြောက်
နှစ်။

"ကျွန်တော် ကုလားပြည်မှာနေတည်းက အမေမရှိတာ ... အဒေါ်
ကြီးကိုမြင်တော့ ကိုယ့်အမေကိုမြင်ရတဲ့အတိုင်းပါပဲ"

"ဘယ် ... ဘယ်လို"

ချစ်တီးကုလားပြောတာကို ဒေါ်မြရှင်ဘယ်လိုမှလက်မခံနိုင် သူ့အမေ
ဆိုသူက သူ့လိုပင် မည်းတူးနေမှာပဲမလား ... သူတောင်ဒယ်အိုးဖင်လောက်
မည်းတာဆိုတော့ ...

"အဒေါ်ကြီး ... "

"ဟင်"

အတွေးလွန်နေသည့် ဒေါ်မြရှင်တစ်ယောက် ချစ်တီးကုလားခေါ်
သတိဝင်လာသည်။

"အဒေါ်ကြီး ကျွန်တော့်ကိုသားတစ်ယောက်လို အသိအမှတ်ပြုပေး

"ဟို ... ဟို"

ဒေါ်မြရှင် ဘာပြောရမှန်းမသိ ...

ထိုစဉ် ...

ပန်းခရေတစ်ယောက် နွားနှစ်ကောင်ကိုဆွဲကာ ခြံထဲသို့ဝင်လာသ





"ဟာ ... ခရေလေး ဒီလိုအလုပ်တွေ တပင်တပန်းဘာလို့လုပ်နေတာ
လဲ"

"ရှင်နဲ့ဘာဆိုင်လဲ၊ ရှင့်ကိုကျွန်မပြောထားတယ်လေ ... အကြောင်း
မရှိဘဲ ကျွန်မတို့အိမ်ကိုမလာပါနဲ့လို့"

"ဟာကွာ ... ခရေလေး အဲဒီလို စိမ်းတဲ့စကားတွေမပြောပါနဲ့ အ
ဒေါ်ကြီးက ခရေလေးတို့ကိုလိုအပ်တာဖြည့်ဆည်းပေးမလို့ပါ"

"မလိုဘူး ... ရှင်သွားတော့ မသွားရင်နွားရိုက်တဲ့ကြိမ်က ရှင့်အတွက်
ဖြစ်သွားမယ်နော်"

"ဟင်"

"ဟဲ့ ... သမီး"

ပန်းခရေရဲ့ပုံက တကယ်ရိုက်မည့်ပုံကြောင့် ချစ်တီးကုလားလည်း ဘာမှ
ဆက်မပြောတော့ဘဲ ခြံထဲမှထွက်သွားသည်။

ဒေါ်မြရှင်အားနာစွာနှင့် ...

"သမီးရယ် ကိုယ့်အိမ်လာတဲ့ဧည့်သည်ကို ဘယ်လိုလုပ်တာလဲ"

"အမေ ဘာသိလို့လဲ ... ဒီကုလားက သမီးကိုလာရိသဲ့သဲ့လုပ်နေတာ
ရွာထဲမှာလည်း ကျုပ်နဲ့သူနဲ့ ယူမှာလို့လျှောက်ပြောနေတာ"

"အို ... ရွာကလူတွေ အပိုလုပ်ပြောကြတာနေမှာပါ"

"မဟုတ်ဘူး အမေ ... ကျုပ်အတိအကျကိုသိတာ၊ အခုလည်း
အမေ့ကိုလာလာစည်းရုံးနေတာမဟုတ်လား ...

တားစရာပေး၊ ဆေးဝယ်ပေးနဲ့ သူကကျုပ်ကို အကြွေးနဲ့လိုလို ငွေနဲ့လိုလို
ချင်နေတာ"

"ဟင်း ... "

ဒေါ်မြရှင်ကသက်ပြင်းကိုချလိုက်သည်၊ သူ့မှာလည်း နာတာရှည်ပန်းနာ
ရောဂါဝေဒနာကို ခံစားလာရတာ ကြာပြီမလား ... ရောဂါသည်မို့ သူ့ဆုံးပါး
သွားခဲ့ရင် တစ်ကောင်ကြွက်သမီးလေးကို စိတ်မချနိုင်။



www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သူကလည်း ဆယ့်ရှစ်နှစ်ရှိပြီ ရည်းစားတောင်တစ်ယောက်မှ မရှိသေး။ လယ်တွေခြံပိုင်းတွေကလည်း ချစ်တီးကုလားဆီမှာ အပေါင်ထားတာကြောင့် ပို၍စိတ်မချဖြစ်ရသည်။

ချစ်တီးကုလားသူတို့ လက်ဆောင်တွေလာလာပေးသည့် အကြောင်းရင်းကို သူသဘောပေါက်လာသည်။ ဘယ်လိုပဲဖြစ်ဖြစ် ...

ချစ်တီးကုလားနှင့် သူ့သမီးကိုတော့ လုံးဝသဘောမတူနိုင် ...

ဘယ်ရွှေလောက်ပဲ ဆင်းရဲပါစေ ...

ဗမာယောက်ျားနှင့်သာ သဘောတူသည်။ ချစ်တီးကုလားကလည်း အိမ်ကိုချောင်းပေါက်မတတ်ဖြစ်လာကာ ရွှေလမ်းငွေလမ်းခင်းချင်နေသည်။

ကြွေးကိစ္စရှိ၍သာအလိုက်သင့်ဆက်ဆံနေရသည်။ သမီးအရေးနှင့်က ဘယ်လိုမှဆက်စပ်တွေးလို့မရ ...

"အမေ အခုရက်ပိုင်းအေးတယ်၊ ကျန်းမာအောင်နေ ညဘက်ညဘက် အမေချောင်းတအားဆိုးတာပဲ"

"အေးကွယ် ... အခုရက်ပိုင်း အမေနေရတာမကောင်းဘူး၊ အမေ လည်း ဒီဝဋ်ကကျွတ်ချင်ပါပြီ"

"အမေရယ် ..."

ပန်းခရေက မိခင်ရဲ့လက်ကလေးကို တင်းကြပ်စွာဆုပ်ကိုင်ထားလိုက် လေတော့သည်။

❀ ❀ ❀



## သချိုင်းမှာ ငါ့လိုဟာတွေအများကြီး
## သူတို့က ငါ့ကို ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)
## နေရာတောင်းသူ

"မှုတူးထစမ်း ... ထ"

"ဟင်"

ချစ်တီးကုလားအိပ်ပျော်နေစဉ် ဘေးနားကလှုပ်နှိုးသံကြောင့် မျက်လုံးကိုဖွင့်ကြည့်လိုက်ရာ ရှာရာဘီဖြစ်နေသည်။

"နင် ... နင်"

မှုတူးအလွန်ပင်တုန်လှုပ်ခြောက်ခြားသွားသည်။ နဂိုထဲက မည်းနေသည့် အသားအရေပေါ်တွင် အကွင်းကွင်းအကွက်ကွက်တွေဖြစ်လို့နေသ အပုပ်နံ့ကလည်း နံစော်လို့နေ၏။

ဆံပင်တို့မှာလည်း ဖရိုဖရဲနှင့် ဖြန့်ကျနေပြီး မျက်လုံးကြီးမှာအဆမ ပြူးကျယ်နေ၏။

"နင့်ဆီငါလာတာ မှုတူး"

"မ ... မလာနဲ့ သွား နင့်နေရာသင်္ချိုင်းမှာ သင်္ချိုင်းမှာသွား

ချစ်တီးကုလားမှာကြောက်လွန်း၍ အသားတဆတ်ဆတ် တုန် သည်။





"ငါ ... သင်္ချိုင်းမှာမနေချင်ဘူး ကြောက်တယ်၊ ဟိုမှာ ငါ့လိုဟာတွေ အများကြီး"

"အဲဒါ ... ငါနဲ့ဘာဆိုင်လဲ၊ နင်နဲ့ငါ ဘဝခြားသွားပြီ ... သွား နင်သွား ... "

ချစ်တီးကုလားက ကျယ်လောင်စွာအော်ဟစ်လိုက်ရာ ကုလားမကြီးမှာ ထွန့်စွာစိတ်ဆိုးပြီး မျက်လုံးများပြူးကျယ်စွာထွက်လာကာ ...

"နင်ဘယ်လိုအချိုး ချိုးတယ်ဆိုတာ ငါသိတယ် ... နင် ငါ့ကိုသတ် တာ ငါမသိဘူးများမှတ်နေလား"

"ဟင် ... နင် ... နင် ဘာတွေပြောနေတာလဲ"

ချစ်တီးကုလားက ကျယ်လောင်စွာအော်ဟစ်လိုက်၏။

"နင် ဟိုဗမာမကိုလိုချင်လို့ ငါ့ကိုသတ်တာမလား၊ ငါသိတယ်နော် ... ငါဟိုမှာမနေချင်လို့ ဒီမှာလာနေမယ်ဆိုတော့လည်း နင်ကအနေမခံဘူး၊ နင့်ကို ... ည်းငါမခွဲနိုင်ဘူး၊ ငါ့သားနဲ့ သမီးကိုလည်း မခွဲနိုင်ဘူး"

"နင် ... နင်နေရာမှာ နင်ဘာလို့မနေတာလဲ"

"ငါ မနေရဲလို့လို့ပြောပြီးပြီပဲ ... သင်္ချိုင်းမှာက ဗမာတွေချည်းပဲ"

ချစ်တီးကုလား သူ့မယားတစ္ဆေမကြီးကိုမောင်းမထုတ်ရဲတော့ သူ့လုပ် ...တွေကို တစ္ဆေဘဝနှင့် ဖော်ထုတ်လိုက်လျှင် သူပြဿနာတက်တော့မည်။

"ဟုတ်ပြီ ... နင်ဟိုမှာ မနေရဲလို့ ဒီမှာနေရင် ငါဘာလုပ်လုပ် ...နှင့်ပြုမှာလား"

"အင်း ... ငါ့သားနဲ့သမီးနားမှာနေလို့ရရင်တော်ပြီ"

"ကောင်းပြီ ... ငါရစရာရှိတဲ့ အကြွေးတွေကိုလည်း နင့်နည်းနင့်ဟန် ...ကောင်းပေး၊ နင့်ကိုတစ်ပတ်တစ်ခါ အမဲသားအစိမ်းကျွေးမယ်"

"ကောင်းပြီ ... ငါ ခြံထောင့်မန်ကျည်းပင်မှာနေမယ်"

ကုလားမ ရှရာဘီမျက်နှာဝင်းပသွားပြီး ချစ်တီးကုလားမှုတူးအားပြော ...လိုက်၏။

www.burmeseclassic.com



"ငါ ... ဗမာမယူရင် နင်ဘာမှမလုပ်ရဘူးနော်"

"အေးပါ"

ကုလားမကြီးပြောလျက် တဖြည်းဖြည်းနှင့်မြင်ကွင်းကပျောက်လို့သွားတော့သည်။

၍၍၍



"သူဌေး ... သူဌေး"

သာအောင်ကမနက်စောစောရောက်လာပြီး ချစ်တီးကုလားအိပ်ရာက နိုးသေးတာကြောင့် အတင်းလှုပ်ကာနှိုးလိုက်၏။

"သူဌေး ... သူဌေး"

ချစ်တီးကုလားက ယခင်ကဆို စောစောထတတ်သည်။ အခုတော့ အတင်းနှိုးတာတောင်မထ ... သာအောင်စိတ်ပူသွားသည်။

"ဟေ့ ... ရှာရစ် မင်းအပါ၊ ဘာဖြစ်နေတာလဲ နှိုးတာလည်းနိုးလို့ ဘူး"

"ဟုတ်လား ... "

ချစ်တီးကုလားရဲ့ သားကလည်း အဖေဖြစ်သူနားပြေးလာကာ စိုးရိမ် ကြီးနှင့်နှိုး၏။

"အပါး ... အပါး"

"သူဌေး ... သူဌေး ထတော့လေ"

နှိုးလို့မရတော့ သာအောင် ဘာလုပ်ရမလဲ စဉ်းစားလိုက်သည်။ ကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး ... ငါရေတစ်ခွက်သွားခပ်လိုက်ဦးမယ်"

သာအောင်က ရေတစ်ခွက်ကိုခပ်လာပြီး ချစ်တီးကုလားမျက်နှာပေါ်သို့ လောင်းချလိုက်ရာ ...

"ဝူး ... "

"သူခွေး ... "

"အပါး ... "

ချစ်တီးကုလားရဲ့မျက်လုံး ပွင့်လာပြီး ရေစိုနေသည့် မျက်နှာနှင့် ခေါင်းကိုရမ်းလိုက်၏။

"ဟင်"

ချစ်တီးကုလားရဲ့မျက်လုံးတွေက ကြောင်တောင်တောင်ဖြစ်လို့နေသည်။

"သူခွေးကို နှိုးတာဘယ်လိုမှနှိုးလို့မရလို့ ရေနဲ့လောင်းချတာ"

"ဟင် ... ငါ့ကိုနှိုးတယ်ဟုတ်လား"

"ဟုတ်တယ်လေ ... "

ချစ်တီးကုလား ဘာမှဆက်မပြောတော့ဘဲ ထရံ၌ထိုင်ကာ ညကမက်ခဲ့သည့် အိပ်မက်အကြောင်းကို စဉ်းစားလို့နေသည်။

"သူခွေး ဘာဖြစ်လို့လဲ ... အရင်ဆိုဒီလောက် အနှိုးရမခက်ပါဘူး"

"အင်း ... "

ချစ်တီးကုလား ခေါင်းပဲညိတ်သည်။ ဘာမှပြန်မဖြေ ခဏကြာမှ

"သာအောင်"

"ဗျာ ... သူခွေး ပြော"

"အမဲသားတစ်ပိဿလောက် ရတဲ့ဆီမှာသွားဝယ်"

"ဗျာ ... "

သာအောင် အံ့ဩနေသည်။ ချစ်တီးကုလားက ဒီလောက်ရက်ရက်





ရော အစားအသောက်စားတာမဟုတ် အမဲသားဝယ်ရဖို့ဆိုတာလည်း လွယ်တာဟုတ်ပြန် ... ရွာမှာဈေးရှိတာမဟုတ်သလို တစ်ခါတလေအကြောင်းကြောင်းကြောင့် သေမှသာ့စားကြရခြင်းဖြစ်သည်။

"ရတဲ့အရပ်မှာသာရှာဝယ်ခဲ့ မိုးမချုပ်ခင်လို့ချင်တယ် လှည်းယူသွား"

"သူခွေးစားဖို့လား ... "

"မရှည်နဲ့ မြန်မြန်သွား"

ချစ်တီးကုလားကဟောက်လိုက်တော့ သာအောင်လည်းဇက်ကလေးပုအာ ထွက်သွားသည်။

"အပါး ... မျက်နှာသစ်တော့လေ"

"အေး ... "

ရှာရစ်က သတိပေးမှ ချစ်တီးကုလားလည်းထိုင်မှထလျက် မျက်နှာသစ်ရေချိုးရန် အိမ်ရှေ့သို့ထွက်လာသည်။

ရေတိုင်ကီနားရောက်တော့ မလှမ်းမကမ်းရှိ ခြံထောင့်ရှိပေါက်နေသော ညည်းပင်ကြီးဆီရောက်သွားကာ ကြက်သီးများထသွား၏။

"ရှာရာဘီ ဟိုအပင်ကြီးမှာရှိနေတယ်၊ ငါ့ကိုသာသတ်ရင်ဒုက္ခပဲ၊ ကျော် အမဲသားကျွေးထားမှ ဒါမှ ငါ့အတွက်လည်း သူ့ကိုအသုံးချလို့ရမယ်"

စိတ်ထဲတွေးကာ မျက်နှာသစ်ကိုယ်လက်သန့်စင်၍ အိမ်ပေါ်ပြန်တက်ခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကြေးဟာတောင်းတာသိုပြီး

အခန်း(၅)

## အစွမ်းသိရမယ်

"ကိုဝင်းရွှေ ခင်ဗျားတို့သူဌေးဆီမှာ လယ်ပေါင်ထားတဲ့ကိစ္စဘယ်လို
ဲ ... ဒီနေ့ရွေးချင်ရွေး မရွေးရင်ဆုံးပြီမှတ်"

ကိုသာအောင်က ချစ်တီးကုလားမျက်နှာရစေရန်ပြောလေရာ ကိုဝင်းရွှေ
ျက်နှာငယ်ငယ်နှင့် ...

"တစ်လတော့စောင့်ပါဦး ... သူဌေးရယ် နောက်လဆို စပါးပေါ်ပါပြီ
ါးပေါ်ရင် အတိုးဆပ်ပါ့မယ်"

ပြောလေရာ ချစ်တီးကုလား မျက်နှာတင်းသွားပြီး ...

"မလိုဘူး ... ခုညနေမှ အတိုးမဆပ်ရင် ငါ့အကြောင်းသိမယ်"

"မလုပ်ပါနဲ့ သူဌေးရယ် ... တစ်လလောက်တော့ စောင့်ပေးပါ"

ကိုဝင်းရွှေကချစ်တီးကုလားကို တောင်းတောင်းပန်ပန်နှင့်ပြောသော်
ည်းမရ ... မျက်လုံးကခြံထဲ ဟိုကြည့်ဒီကြည့်လုပ်၍ အစာစားနေသော
စ်ကောင်အားမြင်သွားပြီး ...

"ဟုတ်ပြီလေ ... နောက်တစ်လဆိုလည်းနောက်တစ်လစောင့်ရမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ ... ဒါပေမယ့် လောလောဆယ် ဟိုနွားနှစ်ကောင်ယူသွားမယ်''

''ဗျာ ... ''

''မဗျာနဲ့လေ နွားနှစ်ကောင်ရဲ့အဖိုးခ အတိုးဖိုးတောင်မရှိဘူး၊ စာချုပ် အရဆို ဒီနေ့ပဲခင်ဗျားလယ်တွေ သိမ်းလို့ရပြီ''

ချစ်တီးကုလားက အသံမာမာနှင့်ပြောလေရာ ကိုဝင်းရွှေတစ်ယောက် ယောက်ျားကြီးတစ်ယောက်ဖြစ်လျက် မိသားစုစားဝတ်နေရေးအတွက် မျက်ရည် များဝိုင်းလို့လာသည်။

''သူဌေးရယ် ဒီလယ်တွေကို ရှိတဲ့နွားနှစ်ကောင်နဲ့ လုပ်စားနေရတာပါ အရင်နွားနှစ်ကောင်ကိုလည်း အတိုးအနေနဲ့ သူဌေးကိုပေးလိုက်ရတာလေ

အခုတစ်ခါ ရှိတဲ့နွားထပ်ပေးရရင် ကျုပ်တို့မိသားစုငတ်သေသွားမှာ ပေါ့ ... ကလေးကလည်း ငါးယောက်တောင်ရှိတယ် သနားပါသူဌေးရယ်''

ငိုသံပါကြီးဖြင့်ပြောနေသည့် ကိုဝင်းရွှေကို ချစ်တီးကုလားက လုံး ဂရုမစိုက် ...

''မလိုဘူး ... ဟေ့ကောင် သာအောင် နွားတွေဖြုတ်ဆွဲလာခဲ့''

''ဟုတ်ကဲ့ ... သူဌေး''

သာအောင်က နွားတင်းကုပ်သို့ နွားများသွားဆွဲရန်ပြန်လိုက် ကိုဝင်းရွှေက အံကိုတင်းတင်းကြိတ်ထားလိုက်သည်။

ပြီးတော့ ...

အိမ်အပေါ်သို့ပြေးတက်သွားပြီး ဓားရှည်တစ်ချောင်းကိုဆွဲကာ အော သို့ဆင်းလာသည်။

ဓားဆွဲလာသော ကိုဝင်းရွှေကို ချစ်တီးကုလားမြင်သောအခါ ကို အောင် ကျောနောက်သို့ပြေးကပ်လိုက်သည်။

''ကိုဝင်းရွှေ ... ခင်ဗျားဘာသဘောလဲလွှန်မယ်နော်''

သာအောင်က ကြောက်ကြောက်နှင့်ပြောတော့ ကိုဝင်းရွှေဓားကိုမြှ လျက် ...





''ငါ့နွားတွေကို မင်းယူရဲယူကြည့် မင်းတို့ကိုအသေသတ်မယ်''

တကယ်လုပ်မည့် ကိုဝင်းရွှေဟန်ကြောင့် သာအောင်နှင့်ချစ်တီးကုလား ထိတ်လန့်နေသလို ခြံဝသို့နောက်ဆုတ် နောက်ဆုတ်သွားရင်း ...

''ကိုဝင်းရွှေ ပြေပြေလည်လည်ပြောရအောင် ... ခင်ဗျားဓားကိုအောက် ချလိုက်ပါ''

''ဟေ့ကောင် သာအောင် သခင်အားရ ကျွန်ပါးဝတဲ့ကောင် ရှိတဲ့ လယ်တွေလည်း အတိုးနဲ့သိမ်းတာ ကုန်ပြီ နွားလည်းနှစ်ကောင်ပဲရှိတော့တယ်

ယူမိတာတစ်ခါတည်း မင်းတို့ကတောင်းလို့မဆုံးနိုင်ဘူး ... အမျိုးမျိုး ကောင်းပန်လည်းမရဘူး ... မင်းနဲ့ကုလားသေမှ တစ်ရွာလုံးစိတ်ချမ်းသာမှာ''

ကိုဝင်းရွှေက နာနာကြည်းကြည်းပြောလေရာ ချစ်တီးကုလားကအသံချို နှင့် ...

''ရတယ် ... ရတယ် ... စပါးပေါ်မှပဲပေးတော့ သာအောင်လာ သွားမယ်''

''ကိုဝင်းရွှေ သွားမယ်နော်''

''သွား ... နောက်လာရင် ဒီဓားကိုကြည့်ထား အသေပိုင်းမယ်''

ချစ်တီးကုလားနှင့် သာအောင်လည်းခြံထဲမှခပ်သုတ်သုတ်ထွက်လာကြ သည်။

လမ်းရောက်တော့ သာအောင်က ...

''ဘယ်လိုလုပ်ကြမလဲ သူဌေး ... ''

''မပူပါနဲ့ သာအောင်ရယ် ... ဒီကောင်ငါ့အကြွေးကို လာပေးကိုပေး ရမယ် ... ''

''ဘယ်လို သူဌေး ... ခုတောင် ဓားနဲ့ခုတ်မယ်လို့ ပြန်ခဲ့ရတာလေ ကောင်က တစ်ဖောက်ကန်းသွေးဆိုးတယ်''

ချစ်တီးကုလားကတော့ အပြုံးမပျက် လက်ကိုခါးနှစ်ဘက်မှာထောက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဝင်းရွှေရဲ့ ခါးကပဲစွမ်းမလား ... ရှာရာဘီကပဲ စွမ်းမလာ ကြည့်ကြသေးတာပေါ့ ... ဟား ဟား"

"သူ ... သူဌေး ... သူဌေးမိန်းမ ရှာရာဘီကဆုံးသွားပြီလေ"

"ဟား ... ဟား"

ချစ်တီးကုလားက သာအောင်ကိုကြည့်၍ အားရပါးရရယ်ပြန်လေရာ သာအောင် စိတ်ထဲတွင် ချစ်တီးကုလားဦးနှောက်မှန်ရဲ့လားလို့ မသင်္ကာဖြစ်လာ သည်။

ချစ်တီးကုလားက သာအောင်ပခုံးကိုအသာပုတ်၍ ...

"ရှာရာဘီကိုတောင်းခိုင်းရင် မရဘူးဆိုတာ မရှိဘူးကွ ... မင်းမှတ် ထား"

"ဟုတ် ... ဟုတ်ကဲ့"

သာအောင်က ဘာမှနားမလည် ချစ်တီးကုလားအလိုကျသာခေါင်းကို ညိတ်လိုက်လေတော့သည်။

❀❀❀



"အု ... ဝူး ... "

အချိန်က ညသန်းခေါင်ယံအချိန် ...

ရွာလယ်လမ်းမတစ်လျှောက် ခွေးများကသံပြိုင်အူကြရာ အလွန်ထိတ် လန့်ကြောက်မက်ဖွယ်ကောင်းလှသည်။

"အု ... ဝူး ... "

ရွာထဲရှိအိမ်အများစုမှာ အိပ်ပျော်နေပြီဖြစ်တာကြောင့် တိတ်ဆိတ် ငြိမ်းလှသည်။

ခွေးအူသံများက အဆက်ပြတ်သည်ဟူ၍မရှိ တစ်စုံတစ်ဦးကို ဦးတည် ကာ အူတာကြောင့် အသံကတဖြည်းဖြည်းနှင့် ရွာလယ်ပိုင်းသို့ ဦးတည်ကာသွား သည်။

ခွေးအူသံက အိပ်မက်လိုလို အပြင်မှာတကယ်ပဲလိုလိုနှင့် ကိုဝင်းရွှေ တစ်ယောက် အိပ်ရာပေါ်မှာလူးလိမ့်နေသည်။

သူ့ဘေးမှာတော့ ကလေးများတန်းစီးအိပ်နေသလို အစွန်မှာတော့ [illegible]မိန်းမက အငယ်ဆုံးနို့စို့ကလေးကို ရင်ခွင်ထဲထည့်ကာ အိပ်နေသည်။

ရွာခလေ့ထုံးစံအတိုင်း ခြင်ထောင်ကထောင်တာမဟုတ် ထောင်ရာ ညည်းမလို ... ခြင်ကကိုက်ခြင်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



"အု ... ဂူး"

ခွေးအူသံက အိမ်ခြံဝသို့ရောက်လာသလိုခြံဝရောက်တော့ အူသံတွေက အဆက်မပြတ်တော့ ...

"အု ... ဂူး"

"ဟင်"

ကိုဝင်းရွှေ ထိတ်လန့်စွာခေါင်းထောင်ကြည့်လိုက်ရာ မဲမဲဝဝကုလားမ ကြီးတစ်ယောက် ခြံထဲသို့ဝင်လာကာ အိမ်ပေါ်သို့လှမ်းကြည့်ပြီး သူ့ကိုလက်ယပ် ခေါ်နေ၏။

"ဘယ် ... သူ ... လဲ"

ညအချိန်မတော်ကြီးမှာ ဘယ်ကနေခြံထဲဝင်လာမှန်းမသိ ညအမှောင် ကြောင့်လည်း မျက်နှာကိုသေချာမမြင်ရ။

သူ့ကိုခေါ်နေသည့်ပုံမှာ သူအိမ်အောက်မဆင်းလျှင် အိမ်ပေါ်သို့တက် လာမည့် ပုံပေါက်သည်။

အိမ်ပေါ်တက်လာလျှင် ကလေးတွေနိုးပါက ကြောက်လန့်မည်စိုး၍ အိမ်အောက်ဆင်းလာသည်။

"ဟာ ... "

အိမ်အောက်ရောက်တာနှင့် အပုပ်နံ့ကအလွန်မှန်စော်လွန်းလှသည်။

"ဟင်"

ကြောက်စရာကောင်းသည့် မျက်နှာကြီးတွင် မျက်လုံးများကပြူး၍ထွက် နေ၏။

အသားကလည်း မည်းလွန်းလှသလို ဝတ်ထားသည့် စာရီကလည်း အမဲရောင်ဖြစ်နေပြီး ဗိုက်ခေါက်အသားများမှာ ထစ်ထစ်အစ်အစ်ထွက်နေသည်။

ကိုဝင်းရွှေ သိလိုက်ပြီ ...

ဟိုတလောက ဆုံးသွားသည့် ချစ်တီးကုလားမိန်းမ ရှာရာဘီ ... သူ့ခြံထဲကိုလာတာ လူမဟုတ် တစ္ဆေမကြီးဖြစ်နေတာကြောင့် ကြော





ချီတိတ်လန့်လာသလို အသားတွေကလည်း တဆတ်ဆတ်တုန်လာ၏။

"ဘာ ... ဘာလုပ်မလို့လဲ"

ကိုဝင်းရွှေက အသံကိုတုန်တုန်နှင့်မေးရာ အလွန်ကြောက်စရာကောင်း သော ရင်ခေါင်းသံကြီးနှင့် ...

"ကြွေး ... လာ ... တောင်း ... တာ"

"ဟင်"

ကုလားမကြီးက သူ့ရဲ့ညာဘက်လက်ကိုဖြန့်လိုက်ရာ လက်ကြီးမှာ အလွန်ကြီးမားလွန်းလှသည်။

ကိုဝင်းရွှေလည်း ကြောက်လွန်း၍ ဒူးတွေတဆတ်ဆတ်တုန်လာသလို အာခြွေးများပြန်လာသည်။

"ဟို ... ဟို ... "

"ဘာမှပြောမနေနဲ့ ငါ့လင်ကြွေးမဆပ်မချင်းလာတောင်းမယ်"

ပြော၍ သူ့လက်ကို ပြန်ရုတ်ကာ နောက်ပြန်လှည့်၍ခြံထဲမှထွက်သွား သည်။

ကိုဝင်းရွှေလည်း တစ်ကိုယ်လုံးအားမရှိတော့သလိုခံစားရပြီး မြေကြီး ပေါ် ဒူးထောက်ကျရင်း မှောက်ကျသွားသည်။

သူ့နှာခေါင်းထဲမှာတော့ အလွန်ဆိုးရွားလှသော အပုပ်နံ့ကစွဲလို့သာနေ ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

**လက္ခဏာသည ယာမယ်တစ္စေ့မကြီးအား**
**လူစုရှုံစေတော်ပြီး**

အခန်း(၆)

## ကြောက်စိတ်နဲ့သူ

"ကိုဝင်းရွှေ ... ရှင် ... ဘယ်လိုဖြစ်တာလဲ အိမ်ရှေ့မြေကြီးပေါ် မှောက်ရက်ကြီး"

ကိုဝင်းရွှေမိန်းမ မရွှေစာက မြေကြီးပေါ်မှောက်ရက်ကြီးဖြစ်နေသော ယောက်ျားကို အတင်းလှုပ်ကာခေါ်လိုက်၏။

"ကိုဝင်းရွှေထလေ ရှင်ဘာလုပ်နေတာလဲ ထ ... ထ"

ကိုဝင်းရွှေ သူ့မိန်းမလှုပ်နှိုးတာကြောင့်နိုးလာသည်။

ပြီးနောက် ...

ငါဘယ်လိုဖြစ်လို့ မြေကြီးပေါ်မှောက်အိပ်နေရတာလဲ ...

"ဩော် ... ရှင်ကိုယ်တိုင်တောင်မသိတဲ့ဟာ ... ကျွန်မအိပ်ရာနိုး ကြည့်လိုက်တော့ ရှင်မြေကြီးပေါ်ရောက်နေတယ်လေ ... "

အင်း ... ကိုဝင်းရွှေမျက်လုံးထဲတွင် ချစ်တီးကုလားမိန်းမ ရှာရာဘီ ၏ ကြောက်မက်ဖွယ်ပုံစံကြီးကိုမြင်ယောင်လို့လာသည်။

"မရွှေစာ ... ညက ကုလားမရှာရာဘီ ငါ့ကိုခြောက်လာတောင်းတယ် [illegible]တ်စရာကောင်းလိုက်တာ ... "

---

**ရှိရင့်အောင်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"အို ... ရှင်ကလည်း ပေါက်ကရတွေပြောတော့မယ် ကုလားမ ရှာရာဘီက သေသွားတာကြာပြီလေ"

"ဟုတ်တယ် ... ငါ့ကိုခေါ်ပြီးကြွေးတောင်းတာ ငါဘယ်လိုလုပ်ရမလဲ မရွှေစာ ..."

ကိုဝင်းရွှေရဲ့မျက်နှာငယ်လို့နေသည်။

"ကဲ ... လာပါ ထ ဖုန်တွေခါ ထမင်းကြမ်းစားပြီးရင် လယ်ထဲသွားရဦးမယ်မလား"

"အေးပါ ..."

ကိုဝင်းရွှေစိတ်ထဲတွင် ဘယ်လိုမှမလန်းတော့ အလုပ်လုပ်လျှင်လည်း ကုလားမရှာရာဘီရဲ့ မျက်နှာကြီးကိုသာမြင်လို့နေသည်။

"ငါဘယ်လိုလုပ်ရမလဲ ချစ်တီးကုလားကို ကြွေးမဆပ်ရင် ငါ့ကိုဒုက္ခပေးဦးမလား မသိဘူး"

ယောကျ်ားဖြစ်သူ မျက်နှာမကောင်းတော့ ... မရွှေစာ စိတ်မကောင်း ...

"ရှင့်မှာလည်း အိပ်မက်ကိုတစွဲတလန်းဖြစ်နေတာပဲ အိပ်မက်ဆိုတာ တကယ်မှမဟုတ်တာ မေ့ထားလိုက်ပါ"

"အိပ်မက် မဟုတ်ဘူး ... မရွှေစာ ရှာရာဘီတကယ်အကြွေးလာပေ.ာင်းတာ"

"ဟုတ်ပြီ ဒီတစ်ခါလာရင် ကျုပ်ကိုနိုး သရဲကပဲစွမ်းမလား ကျုပ်ကစွမ်းမလားကြည့်ကြတာပေါ့"

မရွှေစာကပြော၍ အားပေးလိုက်သည်။

ညရောက်တော့ အိပ်ရာထဲတွင် ကိုဝင်းရွှေတော်တော်နှင့် အိပ်မပျော် ကုလားမ ရှာရာဘီကြွေးလာတောင်းမှာကြောက်လို့နေသည်။

ရွတ်လိုက်သည့် ဘုရားဂုဏ်တော်တွေကလည်း မနည်းတော့ ညဉ့်နက်လေလေ ကြောက်စိတ်ကပို၍ ကြီးလာလေဖြစ်သည်။





"ဝါး"

ရုတ်တရက် အငယ်ဆုံးကလေးကထငိုရာ မရွှေစာက ကလေးကိုချော့သည်။

"တိတ်ပါ သားရယ် ... တိတ်"

"ဝါး"

ကလေးကအငိုမရပ်သည့်အပြင် ပိုတိုး၍သာငိုလေ၏။

"ကလေးကလည်း ငိုလိုက်တာကွာ"

ကိုဝင်းရွှေကပြောတော့ မရွှေစာကကိုဝင်းရွှေကိုကြည့်၍ ...

"ရှင်ခုထိမအိပ်သေးဘူးလား"

"အေးကွာ ... အိပ်လို့မရသေးလို့"

"ညဉ့်တောင်အတော်နက်နေပြီ၊ အိပ်ပျော်အောင်အိပ် မနက်လယ်ထဲသွားရဦးမယ်မလား ...

စိတ်ထဲ ဘာမှတွေးမနေနဲ့"

"အင်း ..."

မရွှေစာက ကိုဝင်းရွှေကို နှစ်သိမ့်လိုက်သည်။ ကလေးကအငိုကိုမရပ်သေး ...

ခဏကြာတော့ ...

"အု ... ဝူး"

ခွေးအူသံများကို ကြားရတော့သည်။

"မရွှေစာ ... ကြားလား"

"အင်း"

ကိုဝင်းရွှေကကြောက်လွန်း၍ အသားတွေ တဆတ်ဆတ်တုန်လာသည်။

"အု ... ဝူး"

ခွေးအူသံတွေကတဖြည်းဖြည်း သူတို့ခြံရှေ့ရောက်လာပြီး ခြံရှေ့မှ

www.burmeseclassic.com

www.burmeseclassic.com



ကုလားမ ရှာရာဘီရဲ့ ကြောက်မက်ဖွယ်အသံကြီးကို ကြားလိုက်ရလေတော့သည်။

"ကြွေး ... လာ ... တောင်း ... တာ ..."

BURMESE CLASSIC .com

"ကိုဝင်းရွှေတို့ဆီ ချစ်တီးမိန်းမ ကုလားသရဲမကြီးက ညတိုင်းကြွေးတောင်းတယ်တဲ့"

"ငါလည်းကြားတာပဲ ... ဟုတ်မှာပေါ့၊ ခုဆို ရွာထဲမှာညတိုင်းခွေးအူတာတအားပဲ"

ရွာထဲမှာ တစ်ယောက်တစ်ပေါက်ပြောလို့နေကြသည်။ ကိုဝင်းရွှေတို့ားစုကတော့ အိမ်ထဲကတောင် အိမ်ပြင်မထွက်ရဲကြ။

အများစုက ချစ်တီးကုလားနှင့် အကြွေးမကောင်းကြတာကြောင့် ကြောက်ရွံ့နေကြ၏။

တချို့ကလည်း မယုံကြ ...

"အလကားပါကွာ တစ္ဆေသရဲဆိုတာ ပုံပြင်တွေပါ၊ ငါတို့တော့ အယုံကြည်မရှိဘူး"

"အယုံအကြည်မရှိတာမရှိ အသာထား တို့ကိုဝင်းရွှေကြီးက အိမ်ထဲတင်အပြင်ထွက်ရဲတာမဟုတ်ဘူး"

ကာလသားများက ကိုဝင်းရွှေကြီး ဒုက္ခကို ကယ်တင်ရန်အတွက်င်းရွှေတို့အိမ်သို့ ရောက်လာကြသည်။

"ဘယ်လိုဖြစ်တာလဲ ကိုဝင်းရွှေကြီး သရဲတစ္ဆေပဲဗျာ ကြောက်စရာမှတာ ကြောက်မနေစမ်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



''ငါတော့ ဘယ်လိုလုပ်ရမှန်းကိုမသိတော့ပါဘူးကွာ''

''ဟာဗျာ . . . ခင်ဗျားကယောက်ျားဖြစ်ပြီး အားငယ်နေလိုက်တာ''

''မင်းတို့တစ်ကယ်မကြုံရသေးလို့နော် ကြုံရင် နောက်ဆို မတွေ့ချင်တော့ပါဘူးဖြစ်သွားမယ်''

ကိုဝင်းရွှေစကားကို ကာလသားများကနားမဝင် ကိုပေါက်က

''ရတယ်လေ ... ကျုပ်တို့လဲအတွေ့အကြုံရအောင် ညဘက်စော
ကြည့်မယ် တွေ့လို့ကတော့ လောက်စာနဲ့ဆော်ပစ်မယ် လောက်စာရဲ့အစွမ်း
ကုလားမသရဲ ခံနိုင်မလားကြည့်သေးတာပေါ့''

''ဟုတ်တယ် ကိုဝင်းရွှေ ကျုပ်တို့ပိုင်းဆော်ရင် အဲဒီသရဲ လာရဲ
မဟုတ်တော့ဘူး''

ကာလသားတွေကတက်ကြွစွာပြောတော့ ကိုဝင်းရွှေလည်းအာ
တက်လာသည်။

သူ့ကိုညစဉ်ကြွေးလာတောင်းနေသည့်သရဲမ မလာရဲရင်သူလည
စိတ်ချ လက်ချအိပ်နိုင်ပြီ။

''မင်းတို့တကယ်ချရဲပါတယ်နော်''

''စိတ်ချစမ်းပါဗျာ''

ဖိုးထိန်ဝင်းက ကတိပေးလိုက်သည်။

''ဟုတ်ပြီ ဒီညငါ့ဆီလာခဲ့ကြ လကွယ်ညဆိုတော့ ရှာရာဘီလာမှာ
သေတယ်''

''ဟုတ်ပြီ''

ကာလသားများကလည်း တက်ကြွစွာ ကိုဝင်းရွှေခြံထဲလာဖို့သဘော
လိုက်ကြလေတော့သည်။

ရိရင့်အောင်စာပေ

တစ်ကိုယ်လုံးမည်းနက်၍
ပြူးထွက်နေသော
မျက်လုံးကြီးနှင့် တစ္ဆေမကြီးအား ...

အခန်း(၇)

## သူလာပြီ

''ဘာ ... သူတို့က ရှာရာဘီကိုနောက်မလာရဲအောင်လုပ်မ
ဟုတ်လား''

''ဟုတ်တယ် ... သူဌေး''

ရွာထဲကကြားခဲ့တဲ့ သတင်းကို သာအောင်က ချစ်တီးကုလားပြောပြ
ချစ်တီးကုလားက ...

''ဟား ... ဟား ... ဟား''

အားရပါးရရယ်မောလေသည်။

''ရှာရာဘီကို နိုင်အောင်သူတို့ဘယ်လိုလုပ်မလဲ ကြည့်ရသေးတာ
ငါကလည်း ... ရှာရာဘီအားရှိအောင်လုပ်ပေးရမယ်''

''ဘယ် ... ဘယ်လိုလုပ်ပေးမှာလဲ''

သာအောင်ကနားမလည်၍မေးလိုက်သည်။

''အမဲသားကျွေးရမှာပေါ့ မင်း စဉ်းစားကြည့်စမ်း ခုဆိုရွာထဲမှာ
ငါအကြွေးမဆပ်ရတဲ့လူ မရှိဘူး၊ အဲဒါဘာလို့လဲ မင်းသိလား''

''မ ... မသိဘူး သူဌေး''





''ရှာရာဘီကိုကြောက်လို့ပေါ့ ... ငါကြွေးမဆပ်လို့ သူကြီးတိုင် ဂုတ်
နေရင်ကြာမယ် ... ရှာရာဘီကိုတောင်းခိုင်းလိုက်ရင် ပြီးပြီ''

ချစ်တီးကုလားက ဝင့်ကြွားစွာပြောလိုက်၏။

''သူဌေး ... အကြံပိုင်တယ်ဗျာ ... တချွေသရဲကို ဓားနဲ့ခုတ်လို့
မဟုတ်ဘူး ... တရားစွဲလို့လည်းရတာမဟုတ်ဘူး''

''အေး ... အဲဒါတွေအသာထား မင်းအမဲသားတစ်တွဲသွားရှာလာခဲ့
ဘီကိုကျွေးရမယ် ... ရှာရာဘီ ဒီညပွဲမှာနိုင်ရမယ် ...
ဒါမှ ရွာကလူတွေငါ့ကိုမလှန်ရဲမှာ''

''ဟုတ်တယ် သူဌေး ... ဟုတ်တယ်''

သာအောင်က စားကောင်းအောင် ချစ်တီးကုလား အလိုကျ မြှောက်ပင့်
ပြော၍ အမဲသားတွဲရှာရန်ထွက်သွားသည်။

ချစ်တီးကုလားကတော့ သူ့အတွေးနှင့်သူ ပြုံးနေသည်။

ထိုစဉ် ...

ချစ်တီးကုလားနားသို့ သူ၏သမီး အမိနာရောက်လာပြီး ...

''အပါး ... အမားကို ကျုပ်တွေ့တယ် ... ဟိုးမန်ကျည်းပင်
ကမှာ ညကထိုင်နေတယ်''

''ဟင်''

ချစ်တီးကုလားအံ့သြသွားသည်။ မန်ကျည်းပင်မှာ ရှာရာဘီကိုနေဖို့
ယ်တိုင်ခွင့်ပြုခဲ့ပေမယ့် သူ့သားသမီးတွေတွေ့မယ်လို့တော့ မထင်ခဲ့။

''အမားက ကျုပ်ကိုပဲကြည့်နေတယ်၊ အဲဒါ အပင်မှာ အမားဘာလုပ်
လဲဟင်''

''ဘာမှမဟုတ်ပါဘူး ... စိတ်ထင်လို့နေမှာပါ အမားက သေပြီ

''အမား သနားပါတယ် ... အပါးရယ် အိမ်ပေါ်ခေါ်လိုက်ပါ''

အမိနာ့စကားကြောင့် ချစ်တီးကုလားမျက်လုံးပြူးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဟိုက တစ္ဆေဖြစ်နေတာ တစ္ဆေကို အိမ်ပေါ်ခေါ်တင်လို့မရော့ ငါတို့တွေကို ကုပ်ချိုးသတ်မှာပေါ့"

"အမားက အဲလိုလုပ်မယ်မထင်ပါဘူး"

"ဟာ ... စကားတော်တော်ရှည်တာပဲ ... သွား သွားတော့"

ချစ်တီးကုလားက ဟောက်လွှတ်လိုက်ရာ အမိနာလည်း မျက်နှာလေး ငယ်ငယ်နှင့် ထွက်သွားတော့သည်။

❀❀❀



"ကိုဝင်းရွှေ လာတော့မလား"

"သန်းခေါင်လောက်မှလာမှာ တွေ့မှထွက်မပြေးနဲ့နော်"

ကာလသားတစ်စုကလည်း ကိုဝင်းရွှေခြံထဲရှိ နွားတင်းကုပ်ဘေး၌ထိုင်ကာ အခြေအနေကို စောင့်ကြည့်နေသည်။

ခြံပတ်လည်ကိုလည်း ပရိတ်သဲများပရိတ်အပ်ချည်ကြိုးများနှင့် တန်းကာထားသည်။

သူတို့လက်ထဲတွင်လည်း လေးဂွများအဆင်သင့်ကိုင်လို့ထား၏။

ညဥ့်ကတဖြည်းဖြည်းနက်လို့လာသည်။ လကွယ်ညဖြစ်တာကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးမဲမှောင်လို့နေသည်။

သန်းခေါင်အချိန်ရောက်လာသောအခါ ...

"အို ... ဂူး"

အလွန်ကျယ်လောင်လှသော ခွေးအူသံကြီးထွက်ပေါ်လာတာကြောင့် ကာလသားတို့တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။

ကိုဝင်းရွှေက လေသံတိုးတိုးနှင့် ...

"လာတော့မယ် ခွေးအူသံတွေခြံရှေ့ရောက်လာတာနဲ့ ... ပါလာတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ..."

တကယ် နမ္မးတွေ့ ဒူးတွေ့တွေ့တော့မည်ဆိုတော့ အထိတ်တလန့်ကို ပြုံးလို့နေ၏။

"ကိုဝင်းရွှေ ကျွန်တော်တို့အခုလိုချောင်းနေတာ သူမသိဘူးလား"

"အင်း ... သိမှာပေါ့"

"အု ... ရှူး"

ခွေးအူသံတို့ကလည်း ဆူညံထက်ဆူလို့လာသည်။

"တစ်မျိုးပဲ"

ကိုဝင်းရွှေက ခွေးအူသံကိုနားထောင်ပြီးပြောလေရာ ဖိုးချိုက ...

"ဘာ ... ဘာတစ်မျိုးလဲ ကိုဝင်းရွှေ ..."

"ခါတိုင်းဆို ခွေးတွေက ရွာလယ်လမ်းကအူတာကွ၊ အခု အူတာက ဦးအနောက်ဘက် ကိုင်းတောထဲကအူသံထွက်လာတယ်"

"လာရင် ခြံဘက်ကလာတာပဲမလား"

"ဟုတ်တော့ ဟုတ်တယ် ..."

မကြာပါ ခွေးအူသံတို့အဆက်မပြတ်ထွက်လာစဉ် အလွန်ဆိုးရွားသည့် အပုပ်နံ့ကြီးကလည်း ရှူးရှူးဝါးဝါးကိုထွက်လို့လာသည်။

"ဟာ ... နံလိုက်တာ ..."

"အေး ..."

ကာလသားတချို့ဆိုရင် ပျို့တောင်တက်လာသည်၊ ခြံဝကိုကြည့်ကြ လည်း ဘာမှမတွေ့ရ ...

"အနံ့သာရတယ် မတွေ့ရသေးဘူး ..."

"ဟုတ်တယ် ..."

တစ်ယောက်နှင့်တစ်ယောက် လေသံတိုးတိုးနှင့်ပြောဆိုနေ

"ငါ့ကိုနင်တို့တွေ့ချင်နေကြတာလား"

"ဟင်"





"ဟာ"

နောက်ကျောကထွက်ပေါ်လာသည့် အသံကြီးကြောင့် နောက်လှည့် ကြည့်လိုက်လေရာ ...

အလွန်ကြောက်မက်ဖွယ်ရာမျက်နှာကြီးနှင့် တစ်ကိုယ်လုံးမည်းနက်နေသော မျက်လုံးကြီးပြူးထွက်နေသည့် ကုလားမကြီးအားတွေ့လိုက်ရလေသည်။

"ဟာ ..."

လောက်လေးဝှနှင့် ပစ်ချိန်မရကြောက်ကြောက်နှင့် ထွက်ပြေးကြခြင်း ဖြစ်သည်။

"ကို ... ကိုဝင်းရွှေ ဘယ်လိုလုပ်ကြမလဲ"

"အိမ်ပေါ်ကိုတော့တက်မှာမဟုတ်ဘူး"

သူတို့အားလုံး ဘာလုပ်ရမှန်းမဖြစ်နေကြစဉ် ...

"ငါ ... ကွေးလာတောင်းတာ"

အသံသြသြကြီးနှင့်ပြောလေရာ ကိုဝင်းရွှေမိန်းမ မရွှေစာက ဘုရားစင် မှ ပရိတ်ရေကိုယူ၍ အိမ်အောက်၌ရှိသော ရှာရာဘီကိုလှမ်းပတ်လိုက်ရာ

"အား ..."

ငယ်သံပါကြီးနှင့်အော်ကာ ခြံထဲမှပြေးထွက်လို့သွားလေတော့သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

ပရလောကသားတွေနဲ့ပတ်သက်ရင်
လူတွေက လိုအပ်တာထက်ပိုပြောတော့
သူတို့က ...

အခန်း(၈)

## ကျိန်းမောင်းသံ

"ကဲ ... မင်းတို့လုပ်တာ ကောင်းကြသေးရဲ့လား၊ သူကြီးဦးအောင်ဘာ ကိုဝင်းရွှေအပါအဝင် ရွာမှကာလသားတချို့ကိုခေါ်ကာဆူတော့သည်။

ညကအော်သံကြီးထွက်လာတာက ကိုဝင်းရွှေရဲ့ခြံထဲမှာဖြစ်သလို ချစ်တီးကုလားမိန်းမ ရှာရာဘီတစ္ဆေမကြီးက ထွာယဲခင်၍ ကိုဝင်းရွှေထံလာကာ ကြွေးလာတောင်းသည်ကို ရွာထဲကလူတိုင်းလိုလိုပြောနေကြသည်။

"ဘာအဓိပ္ပါယ်ရှိလဲ ပြောစမ်း ... တစ္ဆေက ရွာထဲဝင်ကြွေးတောင်း တယ်ပေါ့ ... သရဲတစ္ဆေဆိုတာ လူကိုဘာမှလုပ်လို့ရတာမဟုတ်ဘူး"

သူကြီးက သူ့အထင်ကိုဖွင့်ပြောလို့နေသည်။ ရပ်ရွာကိုအုပ်ချုပ်ရတာ ဆိုတော့ အရပ်ထဲရွာထဲ မလိုလားအပ်တဲ့ ပြဿနာတွေမတက်စေချင် ...

သူကိုယ်တိုင်ကလည်း ချစ်တီးကုလားနှင့်ကင်းသူမဟုတ်တာကြောင့် ချစ်တီးကုလားမိန်းမ တစ္ဆေဖြစ်နေသည် ရွာထဲပြောနေတာကို ချစ်တီးကုလား သလျှင် စိတ်မကောင်းမှာ သူစိုးရိမ်သည်။

"ရွာထဲမှာ ဘုရားရှိတယ်၊ တရားရှိတယ်၊ ဘုန်းကြီးကျောင်းရှိတယ် ... သရဲတစ္ဆေမှ ရွာထဲဝင်ခဲ့မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုလည်း မဟုတ်သေးဘူး ... သူကြီး"

ရွာထဲမှအသက်အရွယ်ကြီးပြီး အတွေ့အကြုံရင့်သည့် အဘတိုးက စဉ်းစဉ်းစားစားဝင်ပြောသည်။

"မဟုတ်ဘူးလေ ... အဘ သူတို့က မူးမူးနဲ့သူတို့အထင်ပြောတာ ရွာထဲမှာတကယ်အဟုတ်ထင်ပြီးပြောတော့ တစ်ရွာလုံးအထိတ်တလန့်ဖြစ်နေကြပြီ"

"သူကြီး ... ပရလောကသားတွေဟာ အရမ်းထူးဆန်းတယ် ဖိတ်ခေါ်သူရှိရင်လာလို့ရတယ်၊ တချို့ဆိုရင် ပညာရပ်တစ်ခုအနေနဲ့ခေါ်ခိုင်းလို့ရတယ်"

"အဘတိုးပြောတာက ချစ်တီးကုလားကသရဲမွေးထားပြီး သူလိုသလို ခိုင်းနေတယ်ဆိုတဲ့ သဘောလား"

သူကြီးအမေးကို အဘတိုးက ရေနွေးကြမ်းတစ်ခွက်ငုံ့ကာမှုတ်သောက်လိုက်ပြီး ...

"အတိအကျပြောတာတော့မဟုတ်ဘူး ... ရွာထဲအများပြောနေတာကို သူကြီးလက်မခံရင်တောင် စုံစမ်းဖို့သင့်တယ် ...

ပရလောကသားတွေနဲ့ ပတ်သက်လူတွေက လိုအပ်တာထက်ပိုပြောကြတယ်ဆိုတာလည်း သတိတော့ထားရမှာပေါ့လေ ... ကိုဝင်းရွှေနဲ့ ဖိုးချိုတို့တကယ်တွေ့တာဆိုလည်း ဘာလုပ်သင့်တယ်ဆိုတာ သူကြီးစဉ်းစားသင့်တယ်"

"အင်း ... အဘတိုးပြောတာ သဘာဝကျပါတယ် ... ကျုပ်စဉ်းစားပါဦးမယ် ... အဟုတ်အမှန်ဆိုလုပ်သင့်တာလုပ်ရမှာပေါ့"

သူကြီးဘက်က လေသံပြောင်းလာ၍ ကိုဝင်းရွှေနှင့်ဖိုးချိုတို့ဝမ်းသာသွားကြသည်။

ဖိုးချိုက ...

"ကျုပ်တို့ မလိမ်ပါဘူး ... သူကြီးရယ်၊ တကယ်ပြောတာပါ အရမ်းကိုကြောက်စရာကောင်းတယ်"





"အေးပါ ... ငါကိုယ်တိုင်လက်တွေ့ကြုံရင် လုပ်သင့်တာလုပ်ရမှာပေါ့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ကိုဝင်းရွှေနှင့် ဖိုးချိုတို့လည်း အားတက်ကာသူကြီးကိုနှုတ်ဆက်၍ ပြန်ခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ့အကြွဘယ်လောက်ပိုင်လဲ၊ ခုဆို ရွာထဲမှာငါ့ကိုကြွေးမဆပ်တဲ့လူ တစ်ယောက်မှ မရှိတော့ဘူး"

ချစ်တီးကုလားက သူ့ကိုယ်သူဂုဏ်ကြွားကာပြောလေတော့ သာအောင်က စားကောင်းသောက်ကောင်းစေရန် မြှောက်ပြောသည်။

"ဟုတ်တယ်သူဌေး ... ခုဆို သူဌေးနွားခြံထဲမှာ နွားကောင်ရေလည်း မနည်းတော့ဘူး ... လယ်တွေဆိုတာလည်း လက်ညှိုးထိုးမလွဲဘူးလေ"

"အင်း ... ငါခုထက်ပိုချမ်းသာအောင် ရှာရာဘီကိုအမဲသားများများ ကျွေးရမယ်"

"ကောင်းတယ် ... သူဌေး၊ ကောင်းတယ် သူလုပ်ပေးရင် မဆပ်ဘဲ မနေရဲကြဘူးမလား"

"အင်း ... "

ပြုံးရွှင်နေသည့် ချစ်တီးကုလားမျက်နှာရုတ်တရက်တည်လို့သွားရာ သာအောင်က ...

"သူဌေး ... ဘာဖြစ်လို့လဲ ... "

"ဘာဖြစ်ရမလဲကွာ ... ငါဘယ်လောက်ချမ်းသာချမ်းသာ ငါ့ဘေးမှာ





ဖော်မရှိတော့ ဘဝဆိုတာ အဓိပ္ပါယ်မရှိတော့ဘူးပေါ့"

ချစ်တီးကုလားဘာကို ရည်ရွယ်၍ပြောလည်းဆိုတာ သာအောင်သဘော ပေါက်တာကြောင့် ...

"သူဌေးရယ် သူဌေးမှာလယ်တွေ၊ ယာတွေ၊ ခြံတွေ၊ နွားတွေရှိတာပဲ မိန်းမတစ်ယောက်ကို အဲဒါတွေဝယ်လို့ရပါတယ်"

"ဝယ်ချင်တယ် သာအောင်၊ ဝယ်ချင်တယ် သူလေးကလက်မခံဘူး ဖြစ်နေတာ"

"အင်း ... "

သာအောင်စဉ်းစားနေသည်။ ချစ်တီးကုလားကစိတ်မရှည်တော့ပဲ

"အကြံပေးဦးလေကွာ ... မင်းကဘာမှမပြောမဆိုနဲ့"

"ဒီလိုလုပ်သူဌေး ... ဟိုလေ သူဌေးမိန်းမရှာရာဘီကိုသွားကြိမ်းနိုင်း"

"ဟင်"

ချစ်တီးကုလားက သာအောင်ခေါင်းကို သူ့လက်နှင့်ထုလိုက်၏။

"တော်တော်ဦးနှောက်နည်းတဲ့ကောင် ... ရှာရာဘီက ငါ့ကိုသိပ်ချစ်တာကွ ... ငါအဲ့လိုလုပ်ရင် ငါ့ကိုကုပ်ချိုးသတ်မှာပေါ့"

"သူဌေး ကောင်မလေးကိုယူချင်ရော ... "

"ကောင်မလေးကိုရရင် ဒီမှာဘယ်ထားမလဲ ခြံတစ်ခြံမှာသီးသန့်အိမ် တစ်လုံးဆောက်ပြီးထားမှာပေါ့"

ချစ်တီးကုလားက သူ့အကြံနှင့်သူ ကျေနပ်လို့နေသည်။

"သူဌေး ... ဘာမှမပူနဲ့ ... တစ်နေ့တော့အခွင့်အရေးရလာမှာပဲ ရလာရင် အပိုင်လုပ်ဟုတ်ပြီလား"

"စိတ်ချ သာအောင် ... ငါသာ ကောင်မလေးကိုရရင် မင်းကိုလည်း ကောင်းကောင်းဆုချမယ်"

"ယုံပါတယ် သူဌေးရယ် ... ယုံပါတယ်"

သာအောင်က သခင်အားရစေရန် အားပါးတရပြောဆိုလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ချစ်တီးကုလား မျက်နှာ ပြုံးရယ်လို့သွားသည်။

သာအောင်က ချစ်တီးကုလားခိုင်းတာကို တရားသည်မတရားသည် မသိ။ သူ့အတွက်ရသည်ဆိုလျှင် အကုန်လုပ်သည်။

ပန်းခရေမသီအောင် ပန်းခရေရဲ့မိခင် ဒေါ်မြရှင်အား စာချုပ်တွင် လက်မှတ်ထိုးစေပြီး ငွေတွေပေးထားသည်။ ဒေါ်မြရှင်ကလည်း မလောက်သည့် မိသားစုဝမ်းရေးအတွက် ယူရသည်။

အိမ်စရိတ် ဆေးဖိုးကုန်ကျတာတွေက နည်းတာမဟုတ်ဘူးလေ။

''သူဌေး ခြံကောင်းကောင်းမှာ အိမ်ဆောက်ထားတော့''

''ဟေ ... ဘာလို့လဲ''

''ဒေါ်မြရှင်ကြီး အခုတလောရောဂါအတော်ကြီးထနေပြီ''

''ဟုတ်လား ... ဆောက်ထားမယ် ငါနဲ့ပန်းခရေလေးတို့ရဲ့ စံအိမ်ကို အကောင်းဆုံးဖြစ်အောင် ဆောက်ထားမယ်''

ချစ်တီးကုလား ဝမ်းသာအားရစွာပြောနေစဉ် ...

''အပါး ... ''

''ဟေ ... ''

ချစ်တီးကုလားရဲ့ သမီး အမီနာက အသားတွေတဆတ်ဆတ်တုန်ကာ သူ့ကို ခေါ်နေသည်။

မျက်လုံးထဲမှာလည်း မျက်ရည်တွေစီးကျလို့နေလေ၏။

''အပါး ... အမားကိုနောက်ဖေး မီးဖိုချောင်မှာတွေ့တယ်''

''ဟင် ... ဟုတ်လို့လား''

''ကျုပ်ကို လက်ယပ်ခေါ်တာ ကျုပ်ကြောက်ပြီးပြေးလာတာ''

''ဟာ ... အဓိပ္ပါယ်မရှိတာ''

''လိုက်ကြည့်ပါ အပါးရယ် ... ကျုပ်ကြောက်လွန်းလို့ပါ''

အမီနာအတင်းခေါ်ရာ ချစ်တီးကုလားလည်း သာအောင်ကိုခေါ်လျက် မီးဖိုချောင်သို့သွားကြည့်ရာ ဘာမှမတွေ့ရ ...





''ဘာရှိလို့လဲ ကောင်မလေး နင်ငါ့ကိုညာတာလား''

ချစ်တီးကုလားက သူ့သမီးအမီနာကိုဟောက်လေရာ အမီနာကငိုမဲ့မဲ့နှင့်

''ကျုပ်မညာဘူး အပါး၊ အမားဟိုနားမှာမတ်တတ်ရပ်နေတာ''

အမီနာပြသည့်နေရာက ထမင်းစားပွဲထောင့်နား ထမင်းအုပ်ဆောင်း ကဘေးသို့ကျနေသည်။

''အုပ်ဆောင်းက ဘာလို့ဘေးကျနေတာလဲ''

''ခုနက အုပ်ထားတာပဲ အပါး ... အမား ဟင်းရှာတာလားမသိဘူး''

ထမင်းစားပွဲပေါ်တွင် ထမင်းကြမ်းခဲသာရှိပြီး ဘာဟင်းမှမရှိ ချစ်တီး ကုလား စဉ်းစားမိသွားသည်။

သူ ရာရာဘီကို အမဲသားကျွေးဖို့ရက်ကကျော်နေပြီ သာအောင်အား

''သာအောင် အမဲတစ်တွဲရှာဝယ်စမ်း ... ငါမေ့နေတာမနေ့တည်းက ကျွေးရမှာ''

''ဟုတ်ကဲ့ သူဌေး ... ဟုတ်ကဲ့''

သာအောင်ကထွက်သွားတော့ ချစ်တီးကုလားလည်း အမီနာကိုခေါ်ကာ အိမ်ရှေ့သို့ထွက်လာခဲ့တော့သည်။

သရဲတစ္ဆေဆိုတာ သူတို့ကို ကတိပေးထားလျှင်ဖောက်ဖျက်လို့မရမှန်း ချစ်တီးကုလားသိသည်လေ။



www.burmeseclassic.com

www.burmeseclassic.com

ခက်ခဲတဲ့ ဘဝတွေကို
ဖြတ်သန်းရတော့
မတူညီတဲ့ ခံစားချက်တွေကြောင့် ...

အခန်း(၄)

## မညီမျှခြင်း

"ပန်းခရေ အခုတလော အဒေါ်ရောဂါအခြေအနေကလည်း အတော့်ကိုဆိုးလာတယ်နော်"

"ဟုတ်တယ် စည်သူရယ် ... ငါလည်းဘာလုပ်ရမှန်းကို မသိတော့ဘူး၊ အမေက ဆေးဆရာပင့်ပြီး ကုတာပဲ သက်သာရင်ခဏပဲ ... ပြန်ဖြစ်တာပဲ ဟာ"

နေ့လည်ခင်း စပါးနယ်နေရာမှ ခေတ္တနားနေစဉ် အရိပ်ကောင်းလှသည့် လက်ပံပင်ကြီးအောက်ထိုင်ကာ စည်သူနှင့် ပန်းခရေတို့ စကားပြောဖြစ်ကြသည်။

"နင်တို့မှာ ပိုက်ဆံစုထားတာရှိလို့လား ... ဆေးဆရာတစ်ခါပင့်ရင် စရိတ်ကနည်းတာမဟုတ်ဘူး"

"မသိပါဘူးဟာ ... အမေက သူ့မှာစုဆောင်းထားတာတွေရှိမှာပေါ့ ငါလုပ်တဲ့လယ်လေးနဲ့က ဝမ်းစာတောင်မနည်းလုပ်ရတာမလား"

စည်သူက ပန်းခရေမျက်နှာကို စိတ်မကောင်းစွာကြည့်လျက် ...

"အေးလေ ... နင့်မှာလည်း မိန်းကလေးဖြစ်ပြီး ယောက်ျားတောင်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လို ရှန်းကန်နေရတယ် ငါတို့လည်းဆင်းရဲသားတွေ နွားနဲ့ဖက်ရုန်းရတဲ့ ဘဝက ဘယ်တော့များမှ လွတ်ပါ့မလဲ''

''စိတ်ဓာတ်ကျစရာတွေစဉ်းစားရင် စိတ်ဓာတ်ကျစရာတွေပဲများနေမှာ ငါကတော့ ဖြစ်တဲ့ဘဝကိုအကောင်းဆုံးရင်ဆိုင်ပစ်မယ်''

ပန်းခရေစိတ်ဓာတ်မာကျောမှန်း စည်သူသိသည်။ ယောကျ်ားတစ်ယောက်နှင့် ပခုံးချင်းယှဉ်ကာအလုပ်ကိုလုပ်၏။

အပြစ်ပြောစရာ မရှိလောက်အောင် လုပသည့်မျက်နှာတွင် မာန်က ပြည့်တင်းထား၏။

လူမမာမိခင်ကြီးကို ပြုစုရ လယ်အလုပ်ကို ကိုယ်တိုင်လုပ်ရနှင့်ပင်ပန်းတာကို တစ်ချက်မှမငြီး ရွယ်တူကောင်မလေးတချို့ ရင်ခုန်သံကိုယ်စီရှိချိန်မှာ ပန်းခရေက ရင်ခုန်ဖို့မေ့နေသည်ထင်သည်။

စည်သူက ပန်းခရေနှင့်ငယ်ငယ်တည်းက ဆော့ဖော်ဆော့ဖက် သူငယ်ချင်း ...

ပန်းခရေ အနွံ့အတာကိုခံကာ ပန်းခရေကိုအလွန်သံယောဇဉ်ကြီးသူလည်းဖြစ်သည်။ အရွယ်ရောက်လာတော့ ပန်းခရေရဲ့ရင်ခုန်သံကို သူကြားချင်လာသည်။

သို့သော် ...

ခက်ခဲတဲ့ ဘဝတွေကို ကျော်ဖြတ်ရတာချင်းအတူတူ ပန်းခရေရဲ့အပ်တာကို တတ်နိုင်သမျှ ကူညီတာမှလွဲ၍ ဘာမှမပြောရက် ...

''ပန်းခရေ ... အခုတလော ရွာထဲပြောပြောနေကြတဲ့ သတင်းကြားပြီးပြီလား''

''ဘာသတင်းလဲ''

''ချစ်တီးကုလား မိန်းမတစ္ဆေဖြစ်ပြီး ကြွေးရစရာရှိတဲ့လူတွေကို ကြွေးလိုက်တောင်းနေတယ်ဆိုတာလေ''

ပန်းခရေကခေါင်းခါလိုက်ပြီး ...





''အလကားပါဟာ လူတွေကအထင်နဲ့လျှောက်ပြောနေကြတာ''

''ချစ်တီးကုလားက မလွယ်ဘူးနော် တစ်ရွာလုံးတောင် ကုန်သလောက်ဖြစ်တော့မယ်''

''အေး ... သူမတရားလုပ်တဲ့အကျိုး တစ်နေ့မတရားခံရမှာပဲ နင်ကြည့်နေ ...''

''အေး ... ဟုတ်တယ်''

ပန်းခရေ မာန်ပါသည့်အသံနှင့်ပြောတာကို စည်သူကခေါင်းညိတ်လိုက်သည်။

တစ်ရွာလုံးမှာ ပန်းခရေဘယ်ယောကျ်ားနဲ့မှ အဆက်အဆံမလုပ်၊ ခပ်တည်တည် ခပ်တန်းတန်းသာနေခဲ့သည်။

စည်သူကိုတော့ သူခင်သလို သံယောဇဉ်လည်းကြီးသည်။ မိဘဆုံးပါးသွားပြီး ဦးလေးမိသားစုနှင့်နေတာ ဘဝကိုရပ်တည်ခဲ့သည့် စည်သူကို သူသနားလည်းသနားသည်။

စည်သူတစ်ယောက် သူ့အပေါ်လိုအပ်တာထက်ပိုတဲ့ သံယောဇဉ်ရှိနေတာကို သိပေမယ့်လည်း မသိဟန်ဆောင်ခဲ့သည်။

''ပန်းခရေ''

''ဟင်''

''ငါတို့ ခုဆိုအရွယ်ရောက်လာကြပြီနော်''

စည်သူစကားက အသံတုန်ချင်နေသည်။

''အေးလေ ... ဘာဖြစ်လဲ''

''ဟိုလေ ... နင်ရည်းစားလေး ဘာလေးထားမယ်လို့စိတ်ကူးမရှိဘူးလား''

''ဘာလဲ ... နင်က ငါ့ကိုရည်းစားထားစေချင်ပြီလား''

''ဟာ ... မဟုတ်ပါဘူး ... မေးကြည့်တာလေ၊ ရွာမှာနင့်ကိုကြိုက်တဲ့ကောင်တွေက အများကြီးမလား''



www.burmeseclassic.com

www.burmeseclassic.com



ပန်းခရေကပြုံးလိုက်ပြီး ...

"အေးလေ ... ငါဘာလုပ်ရမှာလဲ"

"နင် ... ဘယ်သူ့ကိုမှ မကြိုက်ဘူးလား"

"ဘာလဲ ... နင်ကကြိုက်စေချင်လို့လား"

စည်သူ မျက်နှာပျက်သွားသည်။ ခေါင်းကိုခပ်ဖြည်းဖြည်းခါလိုက်ရင်း

"ဖြစ်နိုင်ရင် နင့်ကိုဘယ်သူနဲ့မှ မကြိုက်စေချင်ဘူး"

"အေးပါဟာ ... ငါလည်း ဘယ်သူ့ကိုမှမကြိုက်ပါဘူး"

စကားလမ်းကြောင်း အဆုံးသတ်စေရန် ပန်းခရေကမတ်တတ်ထရပ်လိုက်သည်။

"အလုပ်ပြန်စတော့မလို့လား"

"အင်း ... "

"ငါ နင့်ကိုတစ်ခုတော့ သတိပေးချင်တယ် ပန်းခရေ"

"နင့်စကားက အဆန်းပါလား"

"နင် ချစ်တီးကုလားကိုသတိထား၊ ချစ်တီးကုလားက ကောက်ကျစ်တယ်၊ ဉာဏ်များတယ် သူကနင့်ကို အရမ်းလိုချင်နေတယ်လို့ ငါကြားတယ်"

"သွားစမ်းပါဟာ ... ငါက ဂရုကိုမစိုက်တာ"

ပန်းခရေကပြော၍ ဘေး၌ချထားသော ခမောက်ကိုဆောင်းကာ သလင်းသို့ထွက်သွားလေတော့သည်။



မန်ကျည်းပင်ကြီးကဆင်းလာသည့်
တစ္ဆေမကြီးမှာ ကြောက်မက်ဖွယ်
ပုံစံကြီးနှင့် ...

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၀)

## ဆန်ရေမေတ္တာည

''အု ... ဝူး''

ခွေးတစ်ကောင်က မှောင်မဲနေသော ညအမှောင်တွင် ခြံထောင့်ရှိ မန်ကျည်းပင်ကြီးကိုကြည့်ကာအူနေသည်။

အမ်ိနာတစ်ယောက် ခွေးအူသံကြောင့်လန့်နိုးလို့လာသည်။ စိတ်ထဲမှာတော့ အလိုလို အထိတ်တလန့်ဖြစ်မိ၏။ ခွေးအူသံကလည်း အဆက်မပြတ်

ဒီရက်ပိုင်းအတွင်း သူ့အမားကို အိမ်ကြီးရဲ့ဟိုနေရာ ဒီနေရာတွေမှာ တွေ့ တွေ့နေရသည်။ အပေါ်ထပ်မှာလည်း လမ်းလျှောက်သံကြားရတဲ့အခါ တက်ကြည့်တော့ ဘာမှမတွေ့ရ ... အမီနာ သရဲတစ္ဆေဆိုတာကို ကြားဖူးသည် ကြောက်စရာ လည်းကောင်းလှသည်ဟုထင်၏။

သူ့အမားကိုယ်တိုင်ကသရဲတစ္ဆေဖြစ်နေသည်ဆိုတော့ ... အမီနာ အရွယ်က ကလေးသာသာအပျိုပေါက်အရွယ် ...

ပတ်ဝန်းကျင်နှင့်ကလည်း အဆက်အဆံရှိတာမဟုတ် တစ်ရွာလုံးက သူတို့နှင့် လူမျိုးခြားတွေ ...





ငယ်ငယ်တည်းက အင်္ဂလိပ်ရှာရစ်နဲ့သာဆော့ကစားရင်း အမားရဲ့ကြင်နာမှုအောက်မှာ ကြီးခဲ့ရသည်။ အရွယ်ရောက်လာတော့ အင်္ဂလိပ်ရှာရစ်က နွားခြံထဲသွားကာ အလုပ်လုပ်နေသဖြင့် အိမ်မှာသာနေခဲ့ရသည်။

အိမ်အလုပ်တွေကို တစ်ယောက်တည်းလုပ်ကိုင်ရင်း ပျင်းရိခြောက်ကပ်စွာ ဖြတ်သန်းခဲ့ရသည်။

''အု ... ဝူး''

''ဟင်''

ရုတ်တရက် ခွေးအူသံကပိုမိုကျယ်လောင်စွာထွက်ပေါ်လာရာ အမီနာ လန့်သွားသည်။ စိတ်ထဲ၌လည်း ဘာကိုကြည့်၍ အူတာလည်းဟုဆိုကာ အသံလာရာဘက် ပြတင်းပေါက်နားသို့သွားကာ တံခါးကိုဖွင့်လိုက်လေရာ...

''ဟာ ... အမား''

မန်ကျည်းပင်အောက်တွင်ရပ်ကာ အိမ်ကြီးကိုကြည့်နေသော အမားကို တွေ့လိုက်ရသည်။

အမားပုံစံမှာ ယခင်လိုပုံစံမျိုးမဟုတ်တော့ ... မျက်လုံးမှာပြူးထွက်နေပြီး ယခင်ထက်ပိုမိုကာ ဝလာသည်ဆိုတာထက် ပွယောင်လာသည်ဟုထင်သည်။ ဆံပင်တို့မှာလည်း ကောက်ကွေးလိမ်ကာ ဖရိုဖရဲဖြစ်နေ၏။ သူယခင်က အလွန်ချစ်ခင်တွယ်တာခဲ့သော အမားပုံစံမှာကြောက်စရာကြီးဖြစ်နေသည်။

''အင်း ... အမားဘာလုပ်နေတာလဲ''

သူကြည့်နေရင်းမှာပဲ သူ့အမားမှာ အိမ်ကြီးဆီသို့ခြေတစ်လှမ်းချင်း လှမ်းလာသည်။

''အမား''

သူ့ပါးစပ်က ကျယ်လောင်စွာအော်ဟစ်လိုက်သည်။ ပြီးနောက် ...

သူ့အမားကို စကားတွေပြောချင်တာကြောင့် အခန်းထဲမှထွက်ကာ အိမ်တံခါးမှ အိမ်အောက်သို့ဆင်းလာသည်။ သူ့တစ်ကိုယ်လုံးလည်း ထိတ်လန့်သော်ကြောက်ရွံ့စိတ်ထက် မိခင်ကိုတွေ့ချင် စကားပြောချင်စိတ်က ပိုများနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမား"

သူ့အမားနှင့် မလှမ်းမကမ်းရောက်တော့ မတ်တတ်ရပ်ကာခေါ်လိုက်သည်။

"ဟင့် ... ဟင့်"

အမားရဲ့ မျက်လုံးထဲတွင် မျက်ရည်ပူတို့စီးကျလို့လာသည်။

"အမား"

အမိနာ တဖြည်းဖြည်းရှေ့သို့တိုးကပ်လာရာ ...

"အမိနာ နင်ဘာလုပ်နေတာလဲ"

"ဟင်"

နောက်ကျောကထွက်လာသည့် အကိုရှာရစ်အသံကြောင့် ခြေလှမ်းတို့ရပ်တန့်သွားသည်။ ရှာရစ်က အမိနာ နားလျှောက်လာသည်။

"အမား"

အမားကတော့ မန်ကျည်းပင်နားဆီသို့လျှောက်ကာသွားလေရာ အမိနာက အားရပါးရအော်လိုက်သည်။

"အမိနာ ... နင်ဘာဖြစ်နေတာလဲ"

"အစ်ကို ... နင် အမားကိုမတွေ့ဘူးလား၊ ဟိုမှာလေ အမား"

အမိနာ မန်ကျည်းပင်ကြီးကို လက်ညှိုးညွှန်ပြရာ ရှာရစ်လိုက်ကြည့်သော်လည်း ဘာမှမတွေ့ရ ...

"အမိနာ... နင် အိပ်ချင်မူးတူးဖြစ်ပြီး ဘာတွေလျှောက်ပြောနေတာလဲ"

"မဟုတ်ဘူး ... အစ်ကို ဟိုမှာ အမားငိုနေတယ်"

"လာ ... လာ ... အမိနာ အိမ်ပေါ်ပြန်တက်ရအောင်"

"ဟင့် ... ဟင့်"

အမိနာကအားပါးရငိုကာ အစ်ကို ရှာရစ်ခေါ်ရာအိမ်ပေါ်သို့ပြန်လိုက်လာခဲ့တော့သည်။

❀ ❀ ❀



"အပါး ... အမားအတွက် အလှူလုပ်ပေးလိုက်ပါလား"

ရှာရစ်နှင့် အမိနာက မနက်စောစော ထမင်းကြမ်းစားကြရင်း သူတို့အပါးကိုပြောလိုက်ကြသည်။

"ဘာ ဖြစ်လို့လဲ"

"အမိနာကပြောတယ် အမားကိုတွေ့တွေ့နေရတယ်တဲ့ ... အမားတစ္ဆေဘဝရောက်နေတာကို စိတ်မကောင်းဘူး အပါးရယ် ... "

ချစ်တီးကုလားက ထမင်းကြမ်းစားတာကိုရပ်ပြီး ...

"ဟာ ... သေတဲ့လူကသေနေပြီ၊ သေပြီးမှတော့ ဘာပဲဖြစ်ဖြစ် ငါတို့နဲ့ဘာဆိုင်လို့လဲ"

"ကျုပ်ကြားတာတော့ သရဲတစ္ဆေဘဝက ဒုက္ခအရမ်းရောက်တယ်ဆိုပဲ သူ့အတွက်အလှူလုပ်ရင် ကောင်းတဲ့ဘဝကိုရောက်ကြတယ်လို့ ပြောကြတယ်"

ရှာရစ်က ရွာထဲမှသူကြားဖူးနားဝရှိတာကိုပြောတော့ ချစ်တီးကုလားက ဒေါကန်သွားပြီး ...

"ဘာတွေ ... ဗမာတွေကိုးကွယ်တဲ့၊ ဗုဒ္ဓဘာသာအယူအဆတွေလာပြောနေတာလား ...

မင်းတို့ကိုငါပြောထားတယ်မလား ... ကိုယ့်ဘာသာအယူအဆကလွဲ



www.burmeseclassic.com

www.burmeseclassic.com



ရင် တခြားဘာမှစိတ်မဝင်စားနဲ့လို့''

''မဟုတ်ပါဘူး အပါး ... အမားတစ္ဆေမကြီးဖြစ်နေတယ်''

ရှာရစ်က ရဲရဲတင်းတင်းပင် သူ့အပါးကိုပြန်ပြော၏။

''တစ္ဆေမကြီးဖြစ်တော့လည်း ဘာဖြစ်လဲကွာ ... အစာကျွေးပြီး ကြွေးတောင်းခိုင်းလို့ရသေးတယ်''

ချစ်တီးကုလားက သူ့အယူအဆကို လုံးဝလက်မလျှော့ ရှာရစ်တို့ မောင်နှမပြောတာကိုလည်း လက်မခံ ...

ရှာရစ်က ဆယ့်ခြောက်ဆယ့်ခုနစ်အရွယ်ရောက်လာတော့ သူ့အဖေ ပိုင်သည့် နွားခြံမှာအလုပ်လုပ်ရင်း ရွာထဲကရွာသားများနှင့်ပေါင်းမိကာ ဗုဒ္ဓဘာသာ အယူအဆ တချို့ကိုသိလာသည်။

ရွာထဲမှာ သူ့အပါးရဲ့အမြတ်ကြီးစားမှု အတိုးများဖြင့်လယ်သိမ်း အိမ်သိမ်း ခြံသိမ်း ကျွဲနွားသိမ်းတာများကို သဘောမကျ ...

အားလုံးနှင့် သင့်မြတ်အောင်နေချင်သည်။

သူ့အပါးကို လူတွေက ကြောက်ရွံ့နေတာကို သူမကြိုက် ... သူတို့ မိသားစုကို ရွာကလူတွေ မုန်းမုန်းသိတော့ သူစိတ်မကောင်းဖြစ်ရလေသည်။

''အပါး ... အမား တစ္ဆေမကြီးဘဝကလွတ်အောင် အလှူလုပ်ပါ နော်''

အမီနာက မျက်ရည်လေးဝိုင်းကာဝင်ပြောတော့ ချစ်တီးကုလားက ဒေါသထွက်ပြီး ...

''တော် ... နောက်တစ်ခါ အဲဒီစကားပြောရင် နင်တို့ဒီမှာမနေနဲ့တော့''

ပြင်းထန်စွာဆဲဆို၍ အိမ်ပေါ်မှထွက်သွားတော့သည်။ မောင်နှမနှစ် ယောက်လည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ မျက်ရည်ရစ်ဝိုင်းနေ သည်။

''အစ်ကို ... ငါတို့ ဘယ်လိုလုပ်ကြမလဲဟင်''

''ရွာထဲမှာလည်း အမား အကြောင်းပြောနေကြတယ် ... နင်ကလည်း





အမားကို ခဏခဏတွေ့တယ်ဆိုတော့ အမားဘဝကသနားစရာပါ''

''ငါတို့ ဗမာဘုန်းကြီးကျောင်းသွားပြီး ဘယ်လိုလုပ်ရမလဲဆိုတာ မေးရင် ကောင်းမလား''

အမီနာက သူ့အတွေးနှင့်သူ မေးလိုက်ရာ ရှာရစ်က ...

''ငါ ... ငါအသိ ကိုဖိုးထူးနဲ့တိုင်ပင်လိုက်ဦးမယ် ... နင့်မှာစုထားတဲ့ငွေရှိလား''

''နည်းနည်းတော့ရှိတယ်''

''ငါ့မှာလည်း နည်းနည်းရှိတယ်တို့အမားအတွက် လုပ်သင့်လုပ်ထိုက် တာတွေပဲလုပ်မယ် ... ဟာ''

''ကောင်းတယ် ... အစ်ကို၊ ကောင်းတယ်''

မောင်နှမနှစ်ယောက် တစ်ယောက်လက်ဝါးတစ်ယောက် ရိုက်လိုက်လေ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မကျွတ်မလွတ်ဖြစ်နေသည့် မိခင်အား
ကျွတ်လွတ်စေချင်သည့် ဆန္ဒကြောင့် ဘယ်လို
ကုသိုလ်ပြုရမလဲဆိုတာ ... မေးတဲ့
သားတစ်ယောက်ရဲ့ ခံစားချက်က ...

အခန်း(၁၁)

## ငွေစုထားမယ်

"အင်း ...ရှာရစ် မင်းပြောတာ ငါစိတ်မကောင်းဘူး"

ကိုဖိုးထူးက ရှာရစ်တို့နွားခြံက အလုပ်သမားခေါင်းတစ်ယောက် အိမ်ထောင်မရှိ၊ လူပျိုကြီးတစ်ယောက်ဖြစ်သလို သူ့မိခင်အိုကြီးကိုလုပ်ကျွေးနေသူလည်းဖြစ်၏။

"ကျွန်တော်တို့ မောင်နှမနှစ်ယောက်လည်း ဘယ်လိုလုပ်ရမှန်းမသိလို့ ကိုဖိုးထူးကိုအကူအညီတောင်းတာပါ"

"ငါကူတော့ ကူညီချင်ပါတယ် ...ဒါပေမယ့် သူ့ဌေးကိုကြောက်တယ်ကွ ...သူဌေးသိရင်မလွယ်ဘူး၊ ငါ့အလုပ်ပြုတ်မှာ ..."

"မသိစေရပါဘူးဗျာ ...စိတ်ချ ဘယ်လိုလုပ်ရမလဲဆိုတာသာပြော"

ရှာရစ်က သူ့အပါးချစ်တီးကုလားနှင့် စိတ်ဓာတ်ချင်းတော့မတူ အလုပ်သမားများအပေါ်၌လည်း စာနာစိတ်ထားသည်။ သူကိုယ်တိုင်ကလည်း ဗမာလူမျိုးတို့အပေါ် လေးစားမှုရှိသူတစ်ယောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုရှိတယ် ရှာရစ် လူဟာကောင်းမှုကုသိုလ်မရှိဘဲ သေသွားရင် အပါယ်ဘုံကိုသွားရတယ်၊ ငရဲ တိရစ္ဆာန် ပြိတ္တာဆိုတာလည်း အမျိုးမျိုးရှိတယ် သရဲတစ္ဆေဟာလည်း ပြိတ္တာပဲ ...

အဲဒီဘဝက ကျွတ်အောင်ဆိုရင် သူတို့ကိုရည်စူးပြီး ကောင်းမှုကုသိုလ် လုပ်ရတယ် ကောင်းမှုကုသိုလ်လုပ်တိုင်းလည်း သူတို့ရချင်မှရတာ ...သာဓု ခေါ်ခွင့်ရအောင်လုပ်ရတယ် ...

ကိုယ်ကောင်းမှုကုသိုလ်လုပ်ရင် သူတို့ကိုဖိတ်ရတယ်ပေါ့ ...သူတို့ကို သာဓုခေါ်လိုက်ရင် သူတို့အတွက် ကောင်းရာဘုံတစ်ခုကိုရောက်နိုင်တာပေါ့"

ကိုဖိုးထူးကရှည်လျားစွာရှင်းပြတော့ ရှာရစ်က ...

"အမားက ...ဘာသာခြားဆိုတော့ ဖြစ်ပါ့မလား"

"ဘာသာခြားခြား ...မခြားခြား သူတို့အတွက်ကောင်းမှုကုသိုလ်လုပ် တာ ဘာလို့မဖြစ်ရမှာလဲ"

"အဲဒီတော့ ကျွန်တော်တို့တယ်လိုလှူရမလဲ၊ ပြီးတော့ ...ဘယ်သူ့ကို ဘာလှူရမလဲ"

ရှာရစ်က နားမလည်၍ မေးလေရာ ကိုဖိုးထူးက ...

"လှူတာက ဘာလှူလှူရတယ် ...အလှူခံပုဂ္ဂိုလ်က မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ဖြစ်ဖို့လိုတယ်"

"မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ ..."

"ဘုရားဟာ အမြင့်မြတ်ဆုံးပေါ့၊ ဘုရားတစ်ဆူဆူမှာ လိုအပ်တာသွား လှူလိုက် ..."

ကိုဖိုးထူးကပြောလေရာ ရှာရစ်စဉ်းစားနေသည်။

ပြီးမှ ...

"ဘုရားသွားလှူရင် အပါးသိမယ်၊ ဟိုလေ ရွာဦးကျောင်းကဆရာတော် ဆီမှာ သွားလှူရင်ကောင်းမလား"

"အကောင်းဆုံးပေါ့ ...နေဦး ...ငါစဉ်းစားဦးမယ်"





ကိုဖိုးထူးက စဉ်းစားရင်း ခဏကြာတော့ ...

"ဆရာတော်ကို ပရိက္ခရာတွေလှူလိုက် ..."

"ပရိက္ခရာဆိုတာဘာလဲဗျ ..."

"သင်္ကန်း၊ ယပ်၊ ထီး၊ ဖိနပ်၊ သပိတ်တွေပေါ့ကွာ"

"အဲဒါတွေ အကုန်ဝယ်ဖို့ ကျွန်တော်တို့မှာပတ်ဆန်မရှိဘူး"

"အဲဒါဆို မြန်မြန်စု ...ပြည့်ရင်ငါတို့မြို့တက်ဝယ်ပေးမယ် ...ဆရာ တော်က အမျှဝေပေးရင် မင်းတို့အမား ကျွတ်မှာသေချာတယ်"

"ဟုတ်ပြီဗျာ ...ဟုတ်ပြီ"

ရှာရစ်က ကိုဖိုးထူးအား အားရပါးရပြောလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"အ ... ဟွတ် ... ဟွတ်"

"အမေရယ် ချောင်းတွေတအားဆိုးနေပါလား"

ဒေါ်မေရှင်တစ်ယောက် ချောင်းဆိုးတိုင်းသွေးပါတာကြောင့် ပန်းခရေ စိတ်ပူလို့လာသည်။

ချောင်းဆိုးတာလည်း ရက်မနည်းတော့ ...

အစားကလည်းမစား ချောင်းကလည်းဆက်တိုက်ဆိုးတာကြောင့် လူကလည်းအားမရှိတော့ အစာကျွေးလို့စားလည်း စားသမျှဟာအန်ဟာနှင့် ပြီးလေ၏။

"အ ... ဟွတ် ... ဟွတ်"

"အမေရယ် ... ဖြစ်ပုံမလား၊ ကျုပ်စိတ်ပူလိုက်တာ ... "

ပန်းခရေကပြောတော့ ဒေါ်မြရှင်စကားတောင် ပြန်မပြောနိုင် ခေါင်းလေးသာညိတ်ပြနိုင်သည်။

အိမ်ဘေးနားဝန်းကျင်တွေလည်း ရောက်လာကြပြီး ဒေါ်မြရှင်ကိုကြည့်ကာ စိတ်မကောင်းကြ ... ပန်းခရေက မျက်ရည်လေးဝိုင်း၍ ...

"အမေ ... ကျုပ်ဘာလုပ်ပေးရမလဲ"

ဒေါ်မြရှင်ကခေါင်းလေးပဲရမ်းပြသည်။





လူနာလာမေးသည့် ဒေါ်စောဖြူက ...

"ဘယ်လိုလုပ်ရမလဲ မြို့ဆေးရုံပို့မှဖြစ်မှာပေါ့၊ ဒီအတိုင်းထားလို့တယ် ဖြစ်မလဲ အသက်ပါသွားမယ်"

"ရှင် ... "

ပန်းခရေ စိတ်ပူသွားပြီး ဘာလုပ်ရမှန်းမသိ ... မြို့ဆေးရုံပို့မယ်ဆိုရင် ငွေကလိုပြီ ... သူ့မှာငွေကမရှိ ...

"အိမ်မှာထားရင် ရောဂါကပိုဆိုးမှာပေါ့"

"ဟုတ်ပါတယ် ခရေရယ် ... မြို့ဆေးရုံသာပို့ပါ၊ ဟိုက အင်္ဂလိပ် ဆရာဝန်တွေနဲ့ ကုရင်ပျောက်မှာ ... "

တစ်ယောက်တစ်ပေါက်ပြောနေကြရာ ဒေါ်မြရှင်ကလက်ကလေးကာ ပြသည်။

ထိုအချိန်တွင် စည်သူရောက်လာပြီး ...

"ပန်းခရေဘယ်လိုလုပ်မလဲ"

"မသိဘူး ... စည်သူရယ် အမေ့အခြေအနေက နင်သိတဲ့အတိုင်း"

ပန်းခရေ စိတ်ဓာတ်တော့မကျ ငွေရအောင်ဘယ်လိုလုပ်ရမလဲ အတွေး ခေါင်းစုံနေသည်။

ဒေါ်စောဖြူက ...

"ချစ်တီးကုလားဆီမှာ ငွေသွားပြောကြည့်ပါလား ... ရှင်နင့်အမေကို ဆေးရုံပို့လို့ရတယ်လေ ...

မိဘအတွက်လည်း အသက်တစ်ချောင်းထက် ဘာမှအရေးမကြီးပါ ဘူး"

"ရှင် ... "

ပန်းခရေ ... စည်သူ့မျက်နှာလှမ်းကြည့်တော့ စည်သူကခေါင်းကို အောက်သို့ စိုက်သွားသည်။

သူ အံကိုတင်းတင်းကြိတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ... ဘာလုပ်ရမလဲ ... ဘာလုပ်သင့်လဲ ...

"မိဘအတွက်ပဲ အသက်တစ်ချောင်းထက် ဘာမှအရေးမကြီးပါဘူး"

ဒေါ်စောဖြူရဲ့စကား နားထဲကြားယောင်လို့လာသည်။ ပြီးတော့ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်သားစွာချလိုက်၏။

"စည်သူ ... အမေ့ကိုကြည့်ထားပေး"

ပန်းခရေတစ်ယောက် အိမ်ပေါ်မှ ပြေးဆင်းကာ ချစ်တီးကုလားအိမ်သို့ မြန်နိုင်သမျှ မြန်အောင် ထွက်လာတော့သည်။

❀❀❀

"ဟာ ... အဒေါ်ကြီး အတော်ဖြစ်နေလား ... စိတ်မကောင်းစရာပဲ"

"စကားတွေအပိုမပြောနဲ့ရှင် ... ကျွန်မကိုငွေချေးမလား၊ မချေးဘူးလား၊ ဒါပဲပြော ... "

ပန်းခရေက ပြတ်ပြတ်သားသားပြောရာ ချစ်တီးကုလားက အချိုသာဆုံးမျက်နှာနှင့် ...

"ပန်းခရေလေးသိပါတယ် ... လယ်တွေခြံတွေ နွားတွေကလည်း အဒေါ်ကြီးယူထားတဲ့ အကြွေးနဲ့ဆို ဘာမှမကျန်တော့ဘူး ...

ဟိုလတွေကလည်း အဒေါ်ကြီးငွေလိုလို့ အစ်ကိုကြီးထုတ်ပေးထားသေးတယ်"

"ဟင်"

"တစ်ခုတော့ရှိပါတယ် ... ပန်းခရေလေးတကယ် ငွေလိုတယ်ဆိုရင်"

"ကျွန်မ ဘာလုပ်ပေးရမလဲ ... မြန်မြန်ပြော၊ ရှင့်အိမ်မှာ ကျွန်လာခံပေးရမလား"

ပန်းခရေကအော်လိုက်ရာ ချစ်တီးကုလားက ...

"ပန်းခရေလိုသလောက်သုံး ပြန်ဆပ်စရာမလိုဘူး ... ဒါပဲ ... ကတိတစ်ခုတော့ပေးရမယ်နော်"





www.burmeseclassic.com

www.burmeseclassic.com



ပန်းခရေမျက်လုံးထဲ မျက်ရည်တွေရစ်ဝိုင်းလာသလို နှုတ်ခမ်းကိုလည်း ပြုတ်လုမတတ်ကိုက်ထားလိုက်သည်။ ချစ်တီးကုလား ဘာကိုဆိုလိုလည်း သူသိသည်။ သူ့ဘဝရဲ့တစ်ခုထဲ သော အားထားရာ ကျေးဇူးရှင်မိခင်ကြီးရဲ့ အသက်ကို သူ့တစ်ဘဝလုံးစာနှင့် လဲရတော့မည်။

"အို ... ဘာပဲဖြစ်ဖြစ် ငါ့အမေထက် ဘာမှပိုအရေးမကြီးဘူး"

စိတ်ထဲကပိုင်းဖြတ်လိုက်ပြီး ...

"ဟုတ်ပြီ ... ပြော ဘာကတိလဲ"

"အစ်ကိုကြီးကို လက်ထပ်ပါ့မယ်ဆိုတဲ့ ကတိပဲ"

ပန်းခရေဘာမှမတတ်နိုင်တော့ ... စိတ်ကိုဒုံးဒုံးချကာ ...

"ကောင်းပြီ"

"ဟာ ... တကယ်ပြောတာနော်"

ချစ်တီးကုလားထခုန်မတတ် ဝမ်းသာလို့သွားသည်။ ပြီးတော့ ဗီဒိုရှိရာသို့ ငွေတစ်ထပ်နှင့် စာချုပ်တစ်စောင်ယူလာသည်။

"ပန်းခရေလေး ဒီစာချုပ်မှာ လက်မှတ်ထိုး"

"ဘာလဲ ငွေယူတာလက်မှတ်ထိုးရဦးမှာလား"

"မဟုတ်ပါဘူး ... ပန်းခရေရဲ့ ဒီစာချုပ်ကလက်ထပ်စာချုပ်ပါ အစ်ကိုကြီးက ပန်းခရေလေးနဲ့ လက်ထပ်ရင်ထိုးဖို့ဆိုပြီး မြို့ရောက်တုန်းဝယ်ထားတာလေ"

"ပေး ... ပေး"

ပန်းခရေက ချစ်တီးကုလား ပြသည့်နေရာတွင် ကြက်ခြေခတ်လိုက်ပြီး ငွေကိုယူကာပြေးထွက်လာသည်။

ဘာတတ်နိုင်မှာလဲ ... ကံ ကြမ္မာက ဒီလိုပဲဖြစ်လာတာလေ ...

ပါးပေါ်စီးကျလာတဲ့ မျက်ရည်တို့ကို သူမသုတ်မိတော့ ... သူ့မိခင်ကြီးရဲ့အသက်သည်သာအရေးကြီးဆုံးပဲလေ ...

❀❀❀



လက်ထပ်ဖို့ကတိပေးပြီး ပိုက်ဆံကို
ကျစ်ကျစ် ပါအောင်ဆုပ်၍ အိမ်ပြန်လာ
သောအခါ မိခင်၏ အလောင်းက ...

www.burmeseclassic.com

## အခန်း(၁၂)
## နှုတ်ဆက်သွားသည့်ဝိညာဉ်

"ရှင်"

ပန်းခရေတစ်ခေါင်းလုံး ချာချာလည်လို့သွားသည်။ သူ့ဘဝတစ်

နှင့်ရင်းပြီး ရယူပေးလာသည့် ငွေတွေ သူ့လက်ထဲမှာ ကျစ်ကျစ်ပါအောင်

လို့ထားသည်။

"အမေ ..."

ရင်ထဲကလှိုက်လှိုက်လှဲလှဲကို ခေါ်လိုက်၏။

အမေဘေးကလူတွေရဲ့ မျက်လုံးထဲတွင် မျက်ရည်တွေစို့

သည်။

စည်သူကတော့ ပန်းခရေဘေးသို့လာကာ ဖေးမလို့ထားသည်။

"ဖြစ်ရလေ အမေရယ် ဒီမှာလေ အမေ့အတွက် ပတ်ဆန်တွေ

တယ် အမေ ဆေးကုဖို့လေ"

"ပန်းခရေ သတိထားလေ"

စည်သူက ယိုင်နဲ့တော့မည့် ပန်းခရေခန္ဓာကိုယ်ကို ဖေးမလို့

သည်။





"အမေ ... ဒီငွေတွေသမီး ဘာလုပ်ရမှာလဲ"

ဒေါ်မြရှင်ကတော့ ဘာမှမပြောနိုင်တော့ လူ့လောကမှစွန့်ခွာလို့သွား

သေပြီ ...

ပန်းခရေက ဒေါ်မြရှင်အလောင်းကို ဖက်ကာ အားရပါးရငိုလေတော့

သည်။

"အမေရယ်"

သူ့လက်ထဲကငွေတွေ သူ့အမေကို ဆေးရုံပို့ဆေးကုဖို့ငွေတွေ ချစ်တီး

ကုလားကို ကတိပေးဘဝတစ်ခုလုံး ရင်းနှီးပေးရတဲ့ငွေတွေ အခုတော့ ဘာမှ

အသုံးမဝင်တော့ ...

ဒေါ်မြရှင်ရဲ့နာရေးသတင်းကြောင့် ရွာထဲကလူတွေတစ်ယောက်ပြီး

တစ်ယောက်လာကြသလို လိုအပ်တာများကိုဝိုင်းဝန်းကူညီပေးကြသည်။

"ပန်းခရေ နားလိုက်ဦးဟာ ... နင်ပင်ပန်းပါတယ်"

စည်သူက ပန်းခရေဘေးမှနှစ်သိမ့်ပေးလိုက်ရာ ပန်းခရေက

"ပင်ပန်းမယ် ဟုတ်လား ... စည်သူ၊ တစ်သက်လုံးလည်းပင်ပန်း

ခဲ့တာပဲ ပင်ပန်းပါစေ ငိုမယ်ဟာ ... ငါငိုမယ်"

စည်သူဘာမှမပြောတော့ ပန်းခရေငိုတာကိုသာအကြောင်းသာငေးနေ

သည်။

ရွာသားတွေကလည်း ကုလားဖျင်းထိုးသူထိုး အခေါင်ပျဉ်စပ်သူစပ်နှင့်

အလုပ်ရှုပ်နေကြသည်။

ထိုစဉ် ...

ချစ်တီးကုလား သူ့တပည့်များနှင့်ရောက်လာကြ၏။ ချစ်တီးကုလားက

ဒေါ်မြရှင်အလောင်းဘေးထိုင်၍ စိတ်မကောင်းသည့်လေသံနှင့် ...

"ဖြစ်ရလေ အဒေါ်ကြီးရယ် ... ထင်တောင်မထင်ဘူး၊ ပန်းခရေလေး

အငယ်နဲ့နော် ... အစ်ကိုကြီး အကုန်စီစဉ်ပေးမယ်"

"ရတယ် ... မလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပန်းခရေက ခပ်ဆတ်ဆတ်ပြောလိုက်ရာ ချစ်တီးကုလားက ပျက်သွားသည့် မျက်နှာကို ချက်ချင်းပြင်ကာ ...

"မိဘဆုံးတာပဲ အကောင်းဆုံးပြင်ဆင်ပေးရမှာပေါ့၊ ကုန်ချင်သလောက် ကုန်ပါစေ"

"ဘာ ... ခင် ... ခင်ဗျားဘာပြောတယ်"

စည်သူက ရုတ်တရက်ဒေါသထွက်၍ ထ၍ပြောလေရာ ချစ်တီးကုလားက အပြုံးမပျက်ဘဲ ...

"ပန်းခရေလေး ဒီကောင့်ကိုပြောပြလိုက်လေ ... အစ်ကိုကြီးနဲ့ ပန်းခရေလေးတို့ မကြာခင်လက်ထပ်တော့မယ်ဆိုတာ ..."

"ဘာ ... ဘယ်လို ... ဟုတ်လား ပန်းခရေ"

စည်သူက ပန်းခရေကိုမေးလေရာ ပန်းခရေက ရှိုက်ကြီးတငင်ငင်ငို ကြွေးနေသည်။

"ငါမေးတာကိုဖြေစမ်းပါဦး ပန်းခရေရယ်"

"စည်သူ ..."

ပန်းခရေက ရှိုက် ရှိုက်၍ငိုပြန်သည်။ ငိုရင်းနှင့်မှ ...

"သူပြောတာဟုတ်တယ် ... စည်သူ၊ ငါ့အမေအသက်ဆက်ရှင်ဖို့ အတွက် သူ့ကိုလက်ထပ်ပါ့မယ်ဆိုတဲ့ ကတိနဲ့ ငွေတွေလဲခဲ့ရတယ်လေ"

"ဟင် ... အဲ ... အဲ့လိုလား"

စည်သူ မျက်လုံးနှစ်ဘက် ပြူးထွက်နေလောက်အောင် အံ့ဩနေသည်။ လက်သီးကိုလည်း ကျစ်ကျစ်ပါအောင်ဆုပ်ထားလိုက်၏။

ပြီးတော့ ...

အိမ်ပေါ်မှပြေးဆင်းကာသွားသည်။

ချစ်တီးကုလားကတော့ အလောင်းဘေးမှာထိုင်နေရင်း အပြုံးမပျက်။ ယပ်တောင်လေးခပ်လို့နေ၏။

စည်သူကခြံအနောက်တက်ထောင့်မှာရှိသော သရက်ပင်ကြီးကိုခေါင်းနဲ့





တိုက်ကာ အားရပါးရငိုကြွေးနေသည်။

ပန်းခရေက စည်သူနောက်မှရပ်၍

"စည်သူ ..."

"..."

စည်သူကနောက်လှည့်မကြည့် စည်သူ့ရင်ထဲတယ်လိုဖြစ်နေလည်းသူသိ သည်။

"ငါ့ကိုခွင့်လွှတ်ပါ စည်သူရယ် ... ငါ့အမေအတွက် နောက်ဆုံးမျှော် လင့်ချက်အနေနဲ့ ငါ့ဘဝကိုရင်းခဲ့တာပါ"

"ငါဘာမှမပြောလိုပါဘူး ... ပန်းခရေနင့်ကိုလည်း စာနာပါတယ်၊ ဒါပေမဲ့လိုဘဝတွေဟာ မျှော်လင့်ချက်လေး ရှင်သန်ဖို့တစ်ခါတလေ ဘဝနဲ့ရင်းရတယ် မလား ...

ခံစားချက်ကို ဦးစားပေးလို့မရဘူးဆိုတာ ငါနားလည်တယ်"

"ဟင့် ... ဟင့်"

ပန်းခရေက လက်ဝါးနှင့်မျက်နှာအုပ်ကာ အားရပါးရငိုကြွေးလို့နေ သည်။

"တိတ်ပါ ... ပန်းခရေ ဒီအချိန်မှာ အရာရာနှင့်အတွက်ကျရှုံးချိန် ပဲမလား"

ပန်းခရေက ပင့်သက်ကိုတစ်ချက်ရှိုက်လိုက်ပြီး ...

"ဟုတ်တယ် စည်သူ ... ငါ့ရဲ့ကျရှုံးချိန်ပါ၊ ခုချိန်မှာ ငါအကြားချင် ဆုံးစကားကိုပြောနိုင်တာ နင်တစ်ယောက်ပဲရှိတယ်၊ ငါ့ကိုတစ်ခုခုပြောပါစည်သူ ရယ်"

"..."

စည်သူက ခေါင်းကိုခပ်ဖြည်းဖြည်းခါရမ်းလိုက်သည်။

ပြီးတော့ ...

ပန်းခရေနှင့် မျက်နှာချင်းဆိုင်မှာ ရပ်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ငါအပြောချင်ဆုံးစကားကို နင့်ကိုမပြောတော့ဘူး။ ငါပြောနိုင်တာ တစ်ခုက နင်ဘယ်ဘ၀ရောက်ရောက် နင့်ဘေးမှာငါရှိနေမှာပါ ...

နင်သာခေါ်လိုက်စမ်းပါ ပန်းခရေ"

"စည်သူ ... "

ပန်းခရေက လှိုက်လှိုက်လှဲလှဲကိုခေါ်လိုက်၏။

စည်သူကတော့ ပန်းခရေကိုကျော်ကာ ထွက်သွားတော့သည်။ နောက်သို့ လုံးဝလှည့်မကြည့် ...

သူ့အပေါ်အရာရာအနစ်နာခံခဲ့သော စည်သူ ...

သူ့သံယောဇဉ်ရှိခဲ့သော စည်သူ ...

ခုတော့ ...

ကမ္ဘာမြေတစ်ခုထဲမှာပဲ နေရာကခြားခဲ့လေပြီလေ ...

❀❀❀



အရင်ထက်ပို၍ အစာကျွေးမည်ဟု
ကတိပြုလိုက်ရာ ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)
## တစ္ဆေမကြီးတောင်းတဲ့ကတိ

ချစ်တီးကုလားနှင့် ပန်းခရေတို့ လက်ထပ်လိုက်ကြဆိုတော့ တစ်ရွာလုံးက အမျိုးမျိုးဝေဖန်ကြသည်။

ငွေမက်လို့ယူတာ တချို့ကလည်းကြွေးနဲ့သိမ်းတာ အမျိုးမျိုးဝေဖန်ကြပေမယ့် ... ပန်းခရေကတော့ ချစ်တီးရဲ့ မယားဖြစ်လို့သွားသည်။

ချစ်တီးက သူ့သားရှာရစ်နှင့် သူ့သမီးအမီနာကို ယခင်အိမ်ကြီးမှာပင်ထား‌ကာ ပန်းခရေနှင့် ကြီးကျယ်လှသော အိမ်ကြီးတစ်အိမ်ကိုဆောက်ကာ သီးသန့်နေထိုင်သည်။

"ခရေလေး ... လိုတာအကုန်ပြောနော် ... အကိုကြီးလုပ်ပေးစရာရှိတာလုပ်ပေးမယ်"

"ကျွန်မအတွက်ဘာမှမလိုဘူး ... ဘာမှလည်းလုပ်ပေးစရာမလိုဘူး"

"ခရေလေးကလေ ပြောလိုက်ရင် အရမ်းတစိမ်းဆန်တာပဲ အစ်ကိုကြီးကတော့ ခရေလေးကိုချစ်လိုက်ရတာ ... "





ချစ်တီးကုလားရဲ့ ကန္တာကရအပြုအမူတွေကို မကြိုက်နှစ်သက်ပေမယ့် သင်ယောက်ျားဖြစ်သူဆိုတော့ အတတ်နိုင်ဆုံးသည်းခံရသည်။

တဖြည်းဖြည်းနှင့် လတွေကြာလာတော့ ချစ်တီးကုလားရဲ့ အပြုအမူတွေဟာ ယခင်နှင့်မတူတော့ဘဲ ပန်းခရေကိုနိုင်လာသည်။

ပန်းခရေက ဝဋ်ကြွေးတစ်ခုကို ပေးဆပ်နေသည်ဟု သဘောထားသည်။

တစ်ညမှာတော့ ...

"ဟဲ့ ... မှုတ္တူးထစမ်း ... "

"ဟင် ... "

ညဉ့်နက်သန်းခေါင် ချစ်တီးကုလား အိပ်ပျော်နေစဉ် ရှာရာဘီလာနှိုးသံကြောင့် ဆတ်ခနဲလန့်နိုးလို့သွား၏။

"ရှာရာဘီ နင်ဘယ်မှာလဲ ... "

"ငါ ... ခြံထဲမှာ နင်ဆင်းလာခဲ့ ... နင်မလာရင် ငါအခန်းထဲဝင်လာမှာနော်"

ချစ်တီးကုလားလန့်သွားသည်။ ရှာရာဘီအခန်းထဲဝင်လာရင် ပန်းခရေနိုးသွားမှာစိုး၏။

အိပ်မောကျနေသော ပန်းခရေကိုကြည့်၍ ...

"ငါ ... ငါ လာခဲ့မယ် ... ရှာရာဘီ"

"အေး ... "

ချစ်တီးကုလား ပန်းခရေမနိုးအောင် အိပ်ရာမှအသာထကာ အခန်းထဲမှထွက်၍ ခြံထဲဆင်းလာသည်။

ရှာရာဘီပုံမှာအလွန်ဒေါသထွက်လို့နေကာ ချစ်တီးကုလားကိုလည်း ဝင်းဝင်းတောက်နေသည့် မျက်လုံးဖြင့်ကြည့်လို့နေ၏။

"ဘာ ... ဘာလုပ်မလို့လဲ ရှာရာဘီ"

"နင် ... ငါ့ကလေးနှစ်ယောက်ကို ဟိုအိမ်မှာ ဒီအတိုင်းထားခဲ့ပြီး နင်က မယားအသစ်နဲ့ ဒီမှာလာနေတယ်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟို ငါသူတို့လိုတာလုပ်ပေးပါတယ်"

"ဘာ ... "

ရှာရာဘီအသံကြောင့် ချစ်တီးကုလားလန့်ကာ အသားတွေတဆတ်ဆတ်တုန်လာသည်။

"နင် ဘာကိုမကျေနပ်တာလဲ"

"ဘာ မကျေနပ်တာလဲ ဟုတ်လား ... နင်ရက်စက်ယုတ်မာတာတွေများပြီ ငါ့ကလေးနှစ်ယောက် ခုဆို အားကိုးရာမဲ့နေတယ် ငါ့ကိုလည်းနင်ဘာမှမကျွေးတော့ဘူး ...

ငါ ဒီဘဝကို ရောက်အောင်လည်း နင်ပဲပို့ပေးခဲ့တာမလား ... "

"ငါ ... ငါ မေ့နေလို့ပါ ... နောက်နေ့ကျရင် နင့်ကိုအရင်ထက်အစာပိုကျွေးပါ့မယ်"

ချစ်တီးကုလားက ကြောက်လန့်တကြားတောင်းပန်လေရာ ရှာရာဘီက ...

"မလိုတော့ဘူး ... ငါတစ္ဆေဘဝကြီးနဲ့မနေချင်တော့ဘူး ငါ့ကိုကောင်းမှုကုသိုလ်လုပ်ပေးပါ"

"ကောင်းမှုကုသိုလ်ဆိုတာ ဘာလဲ ငါမှမလုပ်တတ်တာ ... ပြီးတော့ နင်မရှိရင် ငါ့ရစရာရှိတဲ့အကြွေးတွေဘယ်သူတောင်းပေးမှာလဲ"

"တော်တော့ မှုတူး လူ့ဘဝတုန်းကလည်း မယားသစ်လိုချင်လို့ ငါ့ကိုခေါင်းအုံးနဲ့ဖိသတ်တယ် ... တစ္ဆေဘဝရောက်တော့လည်း ငါ့ကိုခိုင်းစားတယ်"

ချစ်တီးကုလားက လေသံကိုအချိုသာဆုံးဖြစ်အောင်ပြော၍ ...

"ဒီတစ်ခါ ငါ့ကိုခွင့်လွှတ်ပါ၊ ငါနင့်ကိုလည်းအစာမှန်မှန်ကျွေးပါ့မယ် ငါ့ကလေးတွေကိုလည်း ဂရုစိုက်ပါ့မယ် ... "

"နင့် ကတိတည်စေနော် ... နင့်ကတိမတည်ရင် နင့်ကိုကုပ်ချိုးသတ်မယ်"

"အေးပါ ... "





ချစ်တီးကုလားက ကတိပေးလိုက်ရာ ရှာရာဘီကနောက်သို့လှည့်လိုက်ပြီ ... လွှန်စွာ မဲနက်နေသော ခွေးနက်ကြီးတစ်ကောင်ဖြစ်လို့သွားသည်။

"ဟာ ... "

ချစ်တီးကုလားအံ့သြနေစဉ်မှာပင် ခွေးနက်ကြီးကသူ့ဘက်သို့လှည့်ကာ

"ဂီး ... "

မာန်ဖီလိုက်လေရာ ...

"အား ... "

ချစ်တီးကုလား အိမ်ပေါ်သို့ပြေးတက်စဉ် ခွေးနက်ကြီးမှာခြံကိုကျော်၍ပြေးထွက်သွားတော့သည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

"သူကြီးကိုပြောသားပဲ မနက်စောစောမှထပြန်ပါမယ်လို့ ... ခုတော့ ရွာရောက်တော့ညဉ့်ကြီးတောင် အတော်နက်နေပြီ"

သူကြီး ဦးအောင်ဘနှင့် တပည့်မောင်ပေါက်တို့ မြို့၌အစည်းအဝေး လုပ်ရာမှပြန်လာကြရာ ရွာရောက်တော့ သန်းခေါင်းအချိန်တောင်ဖြစ်နေပြီ–

နွားလှည်းမောင်းသည့် မောင်ပေါက်က နွားကိုဂရုတစိုက်မောင်းလာရင်း

"ဟင်"

"ဟဲ့ ... နွား ... သွားစမ်း"

နွားများမှာရှာလယ် လှည်းလမ်းမှာရှေ့သို့ဆက်မသွားဘဲ ရှုန်းကန်နေတာကြောင့် မောင်ပေါက်အံ့ဩနေသည်။

"မောင်ပေါက် ဘာဖြစ်တာလဲ"

သူကြီးက ရပ်သွားသည့် အခြေအနေကိုကြည့်ကာမေးလိုက်သည်။

"မသိဘူး သူကြီး နွားတွေကဆက်မသွားဘူး ... ဘာဖြစ်မှန်းမသိဘူး"

"ရိုက်ကွာ ... အိမ်ရောက်ခါနီး ဒီကောင်တွေပေကပ်ကပ်လုပ်နေတယ်"

"ဖြောင်း ... ဖြောင်း"





မောင်ပေါက် ဘယ်လိုပင်ရိုက်ရိုက် နွားတွေက လှည်းကိုဆွဲကို မဆွဲတော့ –

ထိုအချိန်တွင် ...

"အု ... ဝူး"

အလွန်ကျယ်လောင်လှသော ခွေးအူသံများနှင့် ခွေးနက်ကြီးတစ်ကောင် သူတို့ရှေ့မှရောက်လာကြသည်။ ခွေးနက်ကြီးရဲ့နောက်မှာတော့ ရွာထဲကခွေးများက ဝိုင်းအူနေကြ၏။

ခွေးနက်ကြီး မျက်လုံးတွေက ဖူးရဲတောက်ပစွာ မောင်ပေါက်နှင့် သူကြီး ဦးအောင်ဘကိုကြည့်နေသည်။

"ဟာ"

"ဟင်"

ခွေးနက်ကြီးမှာ သူကြီးဦးအောင်ဘနှင့် မောင်ပေါက်တို့ကြည့်နေစဉ်မှာ မင်း ချစ်တီးကုလား၏မယား ရှာရာဘီပုံသို့ရုတ်တရက်ပြောင်းကာ လမ်းမဘေးက ဒေါင့်ရှိ မန်ကျည်းပင်နား၌ ပျောက်ကွယ်သွားသည်။

ခွေးများကလည်း မန်ကျည်းပင်ကိုကြည့်ကာ ခေါက်တွန့်မြူးဝိုင်းအူပြီးထွက်သွားကြ၏။

"ဟင်"

မောင်ပေါက်တို့ အခုမှသတိထားမိသည်မှာ ချစ်တီးကုလားနေသည့် ခြံကြီး၏ မန်ကျည်းပင်နားတွင် သူတို့လှည်းရောက်နေခြင်းဖြစ်သည်။

"သူ ... သူကြီး ... ကျုပ်တို့ကို ... သ ... သရဲခြောက်တယ်"

"မောင်ပေါက် လှည်းမောင်းကြည့်စမ်း"

သူကြီးက သူ့စိတ်ကိုငြိမ်အောင်ထားလျက် မောင်ပေါက်ကိုပြောလိုက်ရာ မောင်ပေါက်က ကြောက်လန့်နေသည့် နွားတို့ကိုမောင်းလိုက်သောအခါ ဘာဟုန့်ထိုးပြေးလေတော့သည်။

သူကြီး ... အခုတော့ ယုံပြီ ...



www.burmeseclassic.com

www.burmeseclassic.com



ဝင်းရွှေနှင့် ရွာကလူတွေပြောနေတာ အပိုဟုသူထင်တာ အခုမှမှားမှန်းသိ၏။

သူကိုယ်တိုင် ရှာရာဘီကိုတွေ့ရပြီလေ ...

ရွာထဲမှာ မကောင်းဆိုးရွားရှိနေတာ ... ရွာကိုအထိတ်တလန့်ဖြစ်စေသည်။

ထိုပြဿနာကို ရှင်းမှဖြစ်တော့မည်။

ရှင်းတယ်ဆိုတာလည်း လွယ်တာမဟုတ် ... တတ်သိသည့်ဆရာနှင့် ရှင်းမှဖြစ်မည်လေ ...

"ဟင်"

သူကြီးဦးအောင်ဘ သက်ပြင်းကိုသာချလိုက်လေတော့သည်။

❀❀❀



ပြိတ္တာဘဝ တစ္ဆေဘဝဟာ
အရမ်းသနားဖို့
ကောင်းတယ် ... သူတို့ဟာ ...

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၄)

## လှည်းနောက်ကခွေးနက်ကြီး

ချစ်တီးကုလား အခုဆို အလယ်ပိုင်းရွာဘက်ဦးတည်လို့နေသည်။ ထိုရွာမှာရှိသော မိန်းမပျိုတစ်ယောက်ကိုသွား၍ ပိုးပန်းနေသည်ဟု ပန်းခရေသိရ၏။

ပန်းခရေကိုယ်ဝန်ရှိလာပြီဆိုတော့ ချစ်တီးကုလားလုပ်သမျှဘာမှမပြော... ပြောချင်စိတ်လည်းမရှိ ...

ကိုယ့်ကိုကိုယ်စိတ်ချမ်းသာအောင်နေ၏။ ချစ်တီးကုလားက ပန်းခရေကို ဂရုမစိုက်တော့သလို သူ့သားနဲ့ သမီးကိုလည်းဂရုမစိုက် ...

ရှာရစ်နှင့် အမီနာက ဆန်ရဖို့တောင်လာလာတောင်းနေရသည်။ ပန်းခရေက စာနာစွာဖြင့် ဆန်အပြင် အစားအသောက်များကိုပေးကမ်း...ကြောင့် ရှာရစ်နှင့်အမီနာက ပန်းခရေကိုခင်ကြသည်။

ထိုသို့ ရှာရစ်နှင့်အမီနာကို လိုအပ်တာနှင့် ပိုပေးရင် ချစ်တီးကုလား... ပန်းခရေကိုကြိမ်းတော့သည်။

“ဟဲ့ ... နင်က နင့်ရှာတာမဟုတ်ဘဲ လျှောက်ပေးနေတယ်ဟုတ်လား”





“ကျွန်မပေးတာ ရှင့်သားသမီးတွေကိုပေးတာ ဖအေကသူဌေးလုပ်ပြီး သားသမီးတွေက ငတ်နေရတယ် ကလေးတွေက သနားဖို့ကောင်းတယ်”

“ဟာ ... မလိုပါဘူး သူတို့ဘာသာရှာစားပေ့ါ”

“ဟင် ... ရှင်သိပ်တစ်ကိုယ်ကောင်းဆန်ပါလား၊ ရှင်မွေးထားတဲ့ ကလေးတွေလေ ... ရှင်ကတော့မယားငယ်တွေ တစ်ယောက်ပြီးတစ်ယောက် ယူဖို့လုပ်နေတယ် သားသမီးကိုပစ်ထား ... ကိုယ်ဝန်နဲ့မယားကိုလည်းတောင် မကြည့်လုပ်နေတယ်မလား”

ပန်းခရေ ရင်ထဲမျိုသိပ်ခဲ့သမျှ ပေါက်ကွဲလေရာ ချစ်တီးကုလားက

“နားငြီးတယ် ... အလကားဟာတွေ”

ပြော၍ အိမ်ပေါ်ကဆင်းသွားရာ ပန်းခရေက ...

“အခုတော့ ကျွန်မကအလကားဟာဖြစ်သွားပြီပေ့ါ ... ရတယ် ရှင် ...အိမ်နေ့ခုကွမရောက်ပါစေနဲ့”

လှမ်း၍အော်ရာ ချစ်တီးကုလားက မကြားဟန်ပြု၍ထွက်သွားသည်။ ခဏကြာတော့ ...

“အမ ... ”

“ဟင်”

အိမ်ပေါက်ဝမှတက်လာသော ရှာရစ်နှင့် အမီနာ ...

“အမ ... အပါးနဲ့ရန်ဖြစ်နေတာလား”

“ဟုတ်တယ် ... ရှာရစ်ရယ် သူလုပ်ရပ်တွေက လွန်လွန်းနေပြီ”

ရှာရစ်နှင့် အမီနာက ပန်းခရေရှေ့ကထိုင်ခုံတွင် ဝင်ထိုင်ကာ ...

“အပါးက အဲလိုပဲအစ်မ ... ကျွန်တော်တို့အရမ်းစိတ်ညစ်တယ် ...လည်း မသေခင်အရမ်းစိတ်ဆင်းရဲရတာ သေတော့လည်း တစ္ဆေမကြီး ...တာကို ကျွတ်လွတ်အောင် ကုသိုလ်မလုပ်ပေးဘူး”

“ဟင် ... ရှာရစ်တို့အမားက တကယ်တစ္ဆေမကြီးဖြစ်နေတာလား”

“အင်း ... ”



www.burmeseclassic.com

www.burmeseclassic.com



အမိနာက သူကြုံခဲ့တာတွေကို ပန်းခရေအားပြောပြလိုက်သည်။

ပန်းခရေက အံ့ဩစွာနှင့် ...

"ပြိတ္တာဘဝ တစ္ဆေဘဝကအရမ်းသနားဖို့ကောင်းတာ ဒုက္ခခံနေရတာ"

"အမားက ကျွန်မတို့မောင်နှမကို စိတ်မချလို့နဲ့တူပါတယ် ... ကျွန်မတို့ကလည်း အမားကိုအဲဒီဘဝက လွတ်စေချင်ပါတယ်"

ပန်းခရေ ရှာရစ်နှင့်အမိနာတို့ကို ပို၍သနားသွားသည်။

"အမကလည်း ကူညီချင်ပါတယ် ... အမိနာတို့အပါးကသိတယ်မလား ပြောလည်း နားဝင်မှာမဟုတ်ဘူး ... ဒီလိုလုပ် အမလည်းကလေးမီးဖွားဖို့ သိပ်မလိုတော့ဘူး ...

မီးဖွားပြီးရင် ရွာဦးကျောင်းကိုသွားပြီး ဆရာတော့်ကိုလှူဖွယ်ပစ္စည်းတွေကပ် ရှာရစ်တို့အမားအတွက် အမျှပေးဝေရအောင်နော်"

"တကယ်လား ... အစ်မ"

"အင်း"

ရှာရစ်နှင့် အမိနာကဝမ်းသာအားရပြောရာ ပန်းခရေကပြုံး၍ခေါင်းညိတ်ပြသည်။

ရှာရစ်က ...

" ကျွန်တော်လေ ဗုဒ္ဓဘာသာအကြောင်းအရမ်းသိချင်တာပဲ ... ကြေးစည်သံကြားရင် ရင်ထဲအလိုလိုကြည်နူးတယ် ကိုရင်တွေ ဘုန်းကြီးတွေ တွေ့ရင် ဦးချချင်တယ် "

ပြောရာ ပန်းခရေ အံ့ဩသွားသည်။ အမိနာကလည်း ...

" ကျွန်မက အိမ်ရှေ့ဘုန်းကြီးတွေ ဆွမ်းခံကြွရင် ဆွမ်းလောင်းချင်တယ် အပါးသိရင်သေအောင်ရိုက်မှာဆိုတော့ မလောင်းရဲဘူး "

ပြောတော့ ပန်းခရေက

" ရှာရစ်နဲ့ အမိနာရဲ့ပါရမီကထူးပါတယ် ကံဆိုးပြီးဘာသာခြားမိသားစုမှာ လူလာဖြစ်တယ်ဆိုပေမယ့် အတိတ်ဘဝက ပါရမီတွေပါလာတော့ ဒီဘဝမှာ





ဖောန်းသံယာကိုကြည်ညိုတဲ့ စိတ်ရှိလာတာပေါ့ ဆက်ပြီး အဲဒီစိတ်ကိုကိန်းအောင်ထားရင် တစ်နေ့မှာထူးခြားတဲ့ ပါရမီရှင်တွေဖြစ်မှာ "

" အဲဒီတော့ ကျွန်တော်တို့ဘာလုပ်ရမလဲ မမ "

ရှာရစ်က တက်ကြွစွာ မေးလိုက်သည်။

" ဗုဒ္ဓရဲ့အနှစ်သာရကိုသိအောင် တရားဒေသနာတော်တွေကို လေ့လာရမယ် အမ မင်းတို့ကို တဖြည်းဖြည်းပြောပြမှာပေါ့ မင်းတို့အပါးတော့မသိစေနဲ့ သူက အတ္တမိစ္ဆာဒိဋ္ဌိ "

" စိတ်ချ မမ စိတ်ချ "

ရှာရစ်နဲ့ အမိနာက ဝမ်းသာအားရပြော၍ ပန်းခရေအိမ်ပေါ်ကဆင်းသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

" သူဌေး ပိုင်းစိန်လေးကခုဆိုအတော်လှလာတာနော် ဒီရွာတကြောမှာတော့ ပြိုင်စံရှားပဲ "

သာအောင်ကလည်းမောင်းရင်းတစ်ကိုယ်လုံးမည်းနက်နေသောလဲ ဖွေးဖြူနေသောသွားတို့ပေါ်အောင် အစွမ်းကုန်ပြုံးနေသည့်ချစ်တီးကုလားက ...

" ဒါပေါ့ကွ ... ငါပိုင်းစိန်လေးကို ရအောင်ယူပြမယ် မင်းကြည့်နေသာအောင် "

" ယုံပါတယ် သူဌေးရယ် ယုံပါတယ် ဒါနဲ့ ... သူဌေး ... ဟိုလေ ရွာရာဘီကိုသူဌေး အမဲသားမကျွေးတာကြာပြီနော် "

ချစ်တီးကုလားရဲ့မျက်နှာပျက်သွားသည်။

" ကျွေးစရာဘာလိုလဲကွ ရွာမှာငါ့ကိုကြွေးမဆပ်တဲ့လူမှ မရှိတော့တာ အမဲသားဖိုးကုန်တယ် သူ့အမဲသားကျွေးမယ့်ပိုက်ဆံကို ပိုင်းစိန်လေးကို အထည်ဝယ်ပေးမယ် "

" ကောင်းတယ် သူဌေး ကောင်းတယ် "

သာအောင်က ချစ်တီးကုလားအလိုကျပြောက်၍ပေးသည်။

" အင်း အခုလို လသာသာနဲ့ အေးချမ်းတဲ့ညလေးမှာ ပိုင်းစိန်လေးနဲ့ သာလှည်းအတူတူစီးရရင် ဘယ်လောက်ကောင်းလိုက်မလဲ "





ချစ်တီးကုလားကကောင်းကင်ကိုမော့ကြည့်၍ ကဗျာဆန်နေသည်။ သူတို့ညောင်ပိုင်းရွာနှင့် အလယ်ပိုင်းရွာက နှစ်မိုင်ခန့်ဝေးသောကြောင့် အလယ်ပိုင်းရွာသူပိုင်းစိန်ထံသွားတာကို ချစ်တီးကုလားကလှည်းဖြင့် ဟန်လုပ်ကာသွားသည်။ ညနက်မှအခုလို လှည်းဖြင့်ပြန်လာသည်။

ပိုင်းစိန်ကလည်း တကယ်တော့အပျိုမဟုတ် တစ်ခုလပ်တစ်ယောက် အောက်ဘက်ရွာကနေ အလယ်ပိုင်းရွာကို ပြောင်းလာခြင်းဖြစ်သည်။

ချစ်တီးကုလားဆီက ရသမျှကိုချူကာစားသည်။

ချစ်တီးကုလားက မသိလို့မဟုတ် သိသည်။ သို့သော်သူကသူ့အကြံနှင့်သူ ငွေနဲ့ပေါက်ကာ လူဝယ်ချင်သူလေ ...

"သူဌေး လှည်းက လေးလာတယ် "

"ဟေ ... ဟုတ်လား "

နွားတွေကအတင်းရုန်းကန်သော်လည်းလှည်းကရှေ့သို့မရောက်

" ဟဲ့ ... ဒီနွား "

" ဟာ ... နံလိုက်တာ "

လှည်းပေါ်၌အပုပ်နံ့ကလှိုင်လို့လာတာကြောင့် ချစ်တီးကုလားလန့်လို့သွားသည်။

ထိုအနံ့ကို သူသိသည် အပုပ်နံ့က ရှာရာဘီအနံ့။

" ရှာ ... ရှာရာဘီလှည်းပေါ် ပါလာတာလား "

လှည်းမှာလုံးဝရှေ့သို့ မဆက်တော့။

" သူဌေး ... လှည်းမောင်းလို့ မရတော့ဘူး "

" အင် "

ထိုအချိန်တွင်

" ဝုန်း "

လှည်းအောက်သို့ ခုန်ချသံကြီးကိုကြားရပြီး အနက်ရောင်ခွေးနက်ကြီးကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နွားများကလဲ အထိတ်တလန့်ဖြစ်ကာ အတင်းရုန်း၍ပြေးထွက်လာသည်။

ခွေးနက်ကြီးကတော့ သူတို့လှည်းနောက်သို့လိုက်မလာတော့ဘဲ မျက်လုံးနီကြီးဖြင့်ကြည့်ကာနေခဲ့လေတော့သည်။

❁❁❁



နီရဲနေသောမျက်လုံးကြီးက
အကျောင်တောက်ကာ အစွယ်က
တပြွေးပြွေးနှင့် ပြေး၍လာပြီး ...

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၀၅)
## မိစ္ဆာရဲ့နောက်ဆုံးည

" အမလေး ... အား ... လုပ်ပါဦးအမေ့ နာလိုက်တာ "

အခန်းထဲမှ မချိမဆန့်အော်သံကြောင့် ရှာရစ်နှင့် အမီနာတို့ အလွန်ကို ရိမ်နေသည်။

ရွာထဲက မိန်းမကြီးတစ်ချို့လဲသူတို့နားမှာရှိနေပေမယ့် သူတို့နှစ် ယောက်က စိတ်ဂနာမငြိမ်။

ပန်းခရေ ဗိုက်နာတော့ ရွာထဲက ဝမ်းဆွဲသည်ဒေါ်ခင်ကို ရှာရစ်ကပြေး ခေါ်သလို အမီနာကလည်း ပန်းခရေအားမှာလိုအပ်တာအကုန် လုပ်ပေးသည်။ ပန်းခရေနားမှာ ချစ်တီးကုလား မရှိ ...

အချိန်ကလည်း ညဆယ်နာရီကျော်နေပြီ ပန်းခရေကမမွေးသေး မနက်ထဲက ဗိုက်နာချင်သလို ဖြစ်နေသော ပန်းခရေက ချစ်တီးကုလားလို အပြင်မသွားဖို့တားတာ တားလို့မရ။ ညနေရောက်တော့ မခံရပ်နိုင်အောင် ဗိုက်နာလာတာကြောင့် ရှာရစ်နှင့်အမီနာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"အူ ... ဝဲ ... "





"မွေးပြီဟေ့ မွေးပြီ ယောက်ျားလေးဟဲ့"

အခန်းထဲကအော်သံကြောင့် ... ရှာရစ်နှင့်အမီနာ ထခုန်တော့ သည်။

"အမမွေးပြီတဲ့ ... ယောက်ျားလေးတဲ့ ... "

"ဟေး ... "

ဘေးကလူတွေတောင် ရှာရစ်နှင့်အမီနာကို ကြည့်၍အမြင်ကပ်လာ သည်။

ဖအေယူထားသည့် မိန်းမကို သူတို့က ထူးထူးခြားခြားချစ်ကြတာ မှာတကာထက်ပိုနေသည်။

"အမ နေကောင်းရဲ့လား ဗျို့ ... "

"ကောင်းတယ်ဟေ့ ... နင်တို့ ညီလေးက နင်တို့အတိုင်းပဲ မဲမဲတူး တူးလေး ... "

"ဟုတ်လား ကောင်းတာပေါ့ ဖြူရင်ကျွန်တော်တို့ကို ချစ်ချင်မှချစ်မှာ နိုင်ပြောစရာမလိုပဲချစ်မှာဗျ ... "

ရှာရစ်ရင်ထဲ ဝမ်းသာလုံးစို့နေသည်။

ထိုအချိန်တွင်

"အု ... ဂူး ... "

ခွေးများကလည်း အိမ်ကိုကြည့်ကာ ဝိုင်းအူကြသည်။ ထိုခွေးအူသံများ က ကြောက်စရာတော့မကောင်းတာ ဆန်းနေပြန်သည်။

ခဏကြာတော့ ခွေးအူသံများရပ်သွားသည်။ ပန်းခရေမွေးတာကို ာကူသူတစ်ချို့လည်း စိတ်ချရပြီဆိုတော့ ပြန်သွားကြသည်။

ရှာရစ်၊ အမီနာနှင့်ဒေါ်စောဖြူတို့သာ ကျန်တော့သည်။

ရှာရစ်နှင့်အမီနာက ပန်းခရေမွေးသည့် ကလေးကို ကြည့်လို့မဝ။

"ငါ့ညီလေးက အသားသာမည်းတာ မျက်နှာက အမနဲ့တူတော့ ချော သည်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး အသားကကြီးလာရင် ဖြူမှာပါ ဟုတ်တယ်နော် အမ"

"အင်း"

ပန်းခရေက သူတို့မောင်နှမ ကျေနပ်စေရန် ခေါင်းညိတ်ပြသည်။ လူကတော့ ပင်ပန်းလွန်း၍ မှိန်းနေလိုက်၏။

"ဟော့ ... တံခါးဖွင့်စမ်း"

ချစ်တီးကုလားရဲ့ အသံကြားရ၍ ရှာရစ်က အခန်းထဲက ပြေးထွက်ကာအိမ်တံခါးပြေးဖွင့်သည်။

"ဟင်"

သူ့အပါးနောက်တွင် မိန်းမတစ်ယောက်ပါလာသည်။

"ဟော့ကောင် ... မင်းဘာလို့ ဒီရောက်နေတာလဲ"

"အမ ကလေးမွေးတယ် အပါး ... ယောကျ်ားလေး"

ချစ်တီးကုလားက သူနောက်ကမိန်းမကို လက်ဆွဲကာ အိမ်ပေါ်တက်လာပြီး ...

"သူ့ဘာသာမွေးတာ ငါနဲ့ဘာဆိုင်လဲ လာပိုင်းစိန် ဒီအိမ်မှာ ပိုင်းစိန် စိတ်ကြိုက်နေ အကိုကြီးနဲ့ ပိုင်းစိန်လေးတို့ရဲ့ မင်္ဂလာအိမ်ပဲ"

"အပါး"

"ဟော့ကောင် မင်းငါ့ရှေ့ကထွက်သွားစမ်း လာပိုင်းစိန် အခန်းထဲသွားရအောင် အကိုကြီးနဲ့ ပိုင်းစိန်တို့အတွက် အကောင်းဆုံးပြင်ဆင်ထားတယ်"

ချစ်တီးကုလားနှင့် ပါလာသည့် မိန်းမတို့ အနောက်ဘက်အခန်းသို့ ထွက်သွားရာ ရှာရစ်လည်း အလွန်စိတ်မကောင်းဖြစ်သွားသည်။

သူလည်း ဘာမှတတ်နိုင်တာမဟုတ်တာလေ ...

"အု ... ဂူး"

ထိုစဉ်မှာပင် ကြောက်မက်ဖွယ် ခွေးအူသံတို့ အဆက်မပြတ်စွာ ထွက်ပေါ်လာသည်။

လေချွန်သံလိုလို အသံတို့ကလည်း အဆက်မပြတ်ထွက်လာ၏။





"ဟင်"

သူ့အပါး အခန်းထဲက ပြေးထွက်ကာ သူတို့ကျော်၍အိမ်ပေါက်ဝအတိုင်း ပြေးဆင်းသွားတော့သည်။

"ရှာ ... ရှာရာဘီ ... "

"နင်ဝတ်ပျက်လို့ နင့်ကိုငါလာခေါ်တာ"

ချစ်တီးကုလားအသားတွေတုန်ကာ ကြောက်ရွံ့စိတ်နှင့်မြေပြင်ပေါ် ဒူးထောက်ထိုင်၍ ရှာရာဘီကို တောင်းပန်သည်။

"ငါ မှားပါတယ် ရှာရာဘီ"

"နင် ဗမာကိုယူတုန်းက ငါလာတော့ ပစ်ထားတယ်၊ ငါ့သားသမီးနှစ်ယောက်ကိုလည်း ပစ်ထားတယ် သူကတော့ ငါ့ကိုယ်စားကြည့်ပေးတယ် ...

သူ ကလေးမွေးတယ် နင်အနားမှာမနေတဲ့အပြင် နောက်မယားတစ်ယောက်ယူလာတယ်၊ ပြီးရင် နင်သူ့ကို သတ်ဦးမှာမလား"

"ငါ ... ငါ ... မလုပ်ဘူး"

ရှာရာဘီရဲ့ပုံမှာ ကြောက်စရာကောင်းလောက်အောင် ပုံပျက်ပန်းပျက်ဖြစ်ကာ ဒေါသတို့ထွက်နေသည်။

"နင် လူလောကမှာ မရှိသင့်တော့ဘူး"

အသံနက်ကြီးနှင့်ပြောပြီး ကိုယ်ကိုတစ်ပတ်လှည့်လိုက်ရာ ကြောက်စရာကောင်းလှသည် နီရဲနေသောမျက်လုံး အစွယ်ဖွေးဖွေးနှင့် ခွေးနက်ကြီးတစ်ကောင် ဖြစ်သွားသည်။

ချစ်တီးကုလားကထပြေးမည်အပြု ခွေးနက်ကြီးက တဟုန်ထိုးပြေးလာကာ ချစ်တီးကုလားကို တစ်ဟုန်ထိုးပြေးအုပ်၍လည်မျိုကို ကိုက်ဖြတ်လိုက်လေသည်။

" အား "

ချစ်တီးကုလားရဲ့အော်သံက တိတ်ဆိတ်နေသောညတွင် အလွန်ကျယ်လောင်စွာထွက်ပေါ်လာသည်။

www.burmeseclassic.com



" အပါး "

ဖခင်အော်သံကြောင့် ရှာရစ်နှင့် အမီနာကအိမ်ပေါ်မှပြေးဆင်းကာလာသလို ရွာသားတစ်ချို့လဲရောက်လာကြသည်။

ချစ်တီးကုလားမှာ မျက်လုံးအဆမတန်ပြူး၍ ရှာရစ်လက်ပေါ်တွင် အသက်ပျောက်နေသည်။

ထူးခြားတာက ချစ်တီးကုလား ကိုယ်ပေါ်တွင်ဘာဒဏ်ရာမှ မရှိခြင်းဖြစ်လေသည်။



နိဂုံး

www.burmeseclassic.com

www.burmeseclassic.com

(ဝ)နှစ်ခန့်ကြာသောအခါ...

ညောင်ဝိုင်းရွာတစ်ရွာလုံး ဒီနေ့ မီးခိုးတိတ်အလှူပွဲအကြီးအကျယ်ကျင်း
ပလေသည်။

ရွာဦးကျောင်း ကျောင်းဆောင်သစ် ပန္နက်ချအလှူပွဲရွာအဝင် မင်းလမ်း
ကုန်းပေါ်၌ ဉာဏ်တော်အတူ ပုံစံတူကိုးတောင်ပြည့်ဘုရားနှစ်ဆူထီးတင်ပွဲ။ ရွာ
ကလေးများအား ရှင်ပြုအလှူပွဲနှင့် ရဟန်းဝတ်ချင်သူများအား ရဟန်း
စတာတို့ကို အကြီးအကျယ်ကိုကျင်းပသည်။ အလှူရှင်ကတော့ ပန်းခရေနှင့်ရွာ
အမီနာတို့မောင်နှမများတဲ့။ ရည်စူးပြီးလှူပေးတာက ချစ်တီးကုလား မူတူး
သူ့မိန်းမ ရာရာဘီတို့ ကျွတ်လွတ်ရန်တဲ့။

ရွာကလူတွေက ဘုရားနှစ်ဆူကို ဘွဲ့နာမည်မခေါ်တော့ဘဲ မောင်ကုလား
ဘုရားနဲ့ မယ်ကုလားဘုရားဟုသာ ခေါ်ကြသည်။

ရာရစ်ကိုယ်တိုင်ကလည်း ဗုဒ္ဓဘာသာခံယူသလို ကိုရင်ဝတ်သွား
အမီနာလည်း ဗုဒ္ဓဘာသာအဖြစ်ခံယူသည်။

အမီနာက ပန်းခရေအား ...

"အမ ... ကျွန်မတို့ အခုလို အလှူလုပ်တော့ အပါးနဲ့အ
ကျွတ်လွတ်သွားမှာလားဟင် "





"သာဓုခေါ်နိုင်မယ်ဆိုရင်ကျွတ်မှာပေါ့ လူ့ဘဝတုန်းက သူတို့ပြုခဲ့တဲ့
ကုသိုလ် အကုသိုလ်နဲ့လည်း ဆိုင်တယ်၊ သူတို့ကို ရည်စူးတဲ့အလှူကြောင့်
ထောက်အပံ့တော့ဖြစ်သွားမှာပါ "

"ဟုတ်ကဲ့ "

အမီနာက ပြုံး၍ ခေါင်းညိတ်ပြသည်။

"ကဲ ... ကဲ ... အမတို့ ကိုရင်ကို ကန်တော့ရအောင် ... "

"ဟုတ်ကဲ့ "

ပန်းခရေနှင့်အမီနာတို့ကျောင်းပေါ်တက်၍ ဆရာတော်နှင့်အတူ ရှာရစ်
အဖြစ်လဲ ကိုရင်ရှင်ရေဝတအား ရှိသေစွာ ရှိခိုးလိုက်သည်။

ကိုရင်လေးက တည်ငြိမ်သောလေသံနှင့် –

"ကိုရင် ညကအိပ်မက်,မက်တယ် ဒကာမကြီးရာရာဘီက ကိုရင်တို့
ထားတဲ့ဘုရားမှာယောဂီဝတ်နဲ့ စကြံန်လျှောက်နေတယ် ကိုရင်တို့ပြုပေးတဲ့
အလှူကိုလည်း သာဓုခေါ်တယ် ဒကာမကြီးမျက်နှာကတော့ ကြည်ကြည်လင်လင်
ပဲ ကိုရင်စိတ်ချမ်းသာသွားပြီ ... "

"တင်ပါ့ ကိုရင် "

ပန်းခရေနှင့် အမီနာတို့ ဝမ်းသာအားရ ပြန်လျှောက်ကြသည်။ ကိုရှင်
ရေဝတကဆက်၍ –

"ကိုရင် ဘုရားမှာ ညက ပုတီးစိပ်နေတုန်း နားထဲမှာအသံတွေ
ကြားရတယ် ကယ်ပါဦး နာလှပါပြီ ဆိုတဲ့အသံတွေပေါ့ အာရုံထဲမှာတော့
ကာကြီးမူတူးနောက်ကို ခွေးနက်ကြီးတွေက လျှာတန်းလန်းသွားရည်တမျှားမျှား
လိုက်နေကြတာပါ ကိုရင်လည်း ဒကာကြီးအတွက်ပြုသမျှကုသိုလ်ကို အမျှဝေ
တော့ ဒကာကြီးက သာဓုကို မခေါ်တတ်ခေါ်တတ်နဲ့ တစ်ခွန်းခေါ်လိုက်တာ
နက်ကြီးတွေ ပျောက်သွားတယ် ကိုရင်လည်း ဒကာကြီးမူတူးကို အမျှဝေ
ကြားအောင် သာဓုအမြဲခေါ်နိုင်အောင် ဘုရားဝန်းထဲက မန်ကျည်းပင်ကြီးမှာ
ပို့ နေရာပေးခဲ့တယ် "



www.burmeseclassic.com

www.burmeseclassic.com



ကိုရင်ရေဝတ စကားကြားတော့ ပန်းခရေ စိတ်မကောင်းဖြစ်ရသည်။ ဘာတတ်နိုင်မလဲ လူဟာ ကိုယ်ပြုတဲ့ကံတရားအတိုင်းပဲပေါ့။

ဆရာတော်ကြီးက ... ခေါင်းတညိတ်ညိတ်နှင့်နားထောင်ရင်းမှ –

“ ကိုရင်ရေဝတဟာ ထူးခြားတဲ့ပါရမီရှင်တစ်ယောက်ပဲ သာသနာ့ဝန် ဆက်ထမ်းရင် အကျိုးများမှာသေချာတယ် ပေါက်ပေါက်မြောက်မြောက်လည်း ဖြစ်မှာအသေအချာပဲ ”

“တပည့်တော်လည်း သာသနာ့ဝန်ထမ်းပါ့မယ်လို့ ဆုံးဖြတ်ထားပါတယ် ဘုရား ”

“သာဓု ... သာဓု ... သာဓု ... ”

အားလုံးပိုင်း၍ သာဓုခေါ်လိုက်ကြသည်။ အကုန်လုံးနှင့်ရော၍သာဓု ခေါ်သံတစ်သံကိုတော့ ဘယ်သူမှသတိမထားမိ ...

“ သာဓု ”ကိုအများနှင့်ရော၍ခေါ်လိုက်သူကတော့ ဘုရားကုန်းပေါ်ရှိ မန်ကျည်းပင်ကြီးကတစ္ဆေကြီးပင်ဖြစ်သည်။

တစ္ဆေကြီးကလူတွေကိုတော့ မခြောက်လှန့်အမျှဝေပေးရင် သာဓုခေါ် လိုက်သံကို တချို့က ကြားရသည်။ ကြီးမားသော အကုသိုလ်အမှုပြုခဲ့တာ ကြောင့်တစ်ရွာလုံးကပေးမှရသည့် အမျှဝေသံကို နားထောင်ရင်း သာဓုခေါ်မှသာ သူအေးချမ်းစွာနေရလေသည်။

❀❀❀



# “ အဆုံး ”

BURMESE CLASSIC .com

“ ပန်းခရေ ရှေ့ဆက် နင့်ဘဝ ဘယ်လိုဆက်လျှောက်မလဲ ”

ညနေပိုင်းတစ်ရက်မှာ စည်သူကအိမ်လာလည်တော့ ခြံထဲတွင် ကလေးထမင်းကျွေးနေသည့် ပန်းခရေနှင့်တွေ့သည်။

“ဘယ်လိုလျှောက်ရမလဲ စည်သူ နင့်ကိုငါပြောခဲ့တာပဲ ဘဝဆိုတာ သူဖြစ်ချင်သလို ဖြစ်တာလေ ”

“ကလေးနဲ့နင်နှစ်ယောက်ထဲရှေ့ရှည်မှာဖြစ်ပါ့မလား ”

ပန်းခရေက စည်သူ့မျက်နှာကို မော့ကြည့်လိုက်သည်။ ပြီးတော့ ကလေး လဲ ထမင်းစားပြီးတာကြောင့်ကောက်ချီလိုက်၏။

“ ခံစားချက်ကို ဦးစားပေးလို့မရဘူးလို့ပြောခဲ့တယ် မလား ”

“ ဟုတ်ပါတယ် ပန်းခရေရယ် ဒါပေမဲ့ အခုလိုနင်တို့သားအမိ နှစ်ယောက်ထဲရှေ့ဆက်သွားရင် ခက်ခဲမလား ”

ပန်းခရေက မဲ့ပြုံးပြုံးလိုက်ပြီး

“ ငါ့မှာတာဝန်တွေ အများကြီးစည်သူ ငါ့သားလေးကိုကြည့်စမ်း အသားကလဲမည်း မျက်နှာကလည်းကုလားရုပ်နဲ့ ဗမာပုံတစ်စက်မှမပေါက်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မိခင်ဖြစ်တဲ့ငါက မိခင်စိတ်နဲ့ အရမ်းချစ်တယ် ငါ့တာဝန်ကို ဝိုင်းယူမယ့်လူက ငါ့သားလေးကို ငါ့ကိုချစ်တဲ့စိတ်နဲ့ ခဏတော့ချစ်မှာပေါ့ အသွင်မတူတဲ့ ရုပ်ရည်ကြောင့် ရေရှည်မှာမကြင်နာနိုင်ပါဘူး စည်သူ ''

'' အဲလို တစ်ဖက်သတ်လဲ မတွေးပါနဲ့ ပန်းခရေ ''

'' ငါတကယ်မပြောတာစည်သူ အကြိမ်ကြိမ်စဉ်းစားပြီးပါပြီ နင်သိအောင်ငါပြောလိုက်မယ် နင့်ကိုငါသိပ်ချစ်တယ်... ဒါပေမဲ့ ငါ့သားရဲ့ဘဝအတွက် နင့်ကိုလက်မထပ်ပါရစေနဲ့ စည်သူ... ငါ့ကြောင့် နင်အကြိမ်ကြိမ်ဒဏ်ရာတွေ ရခဲ့ပါတယ် ရလက်စနဲ့ပဲ ဒဏ်ရာတွေနဲ့ပဲ ဆက်နေလိုက်ပါတော့ ''

'' ငါနားလည်ပါပြီ ပန်းခရေရယ် ''

စည်သူကကျောခိုင်းကာထွက်သွားတော့ ပန်းခရေရဲ့မျက်ဝန်းထဲ မျက်ရည်တွေဝေ့တက်လာသည်။

BURMESE CLASSIC .com

သို့သော်လဲ...

မျက်ရည်မကျအောင် မျက်တောင်ကိုပုတ်ခတ်ရင်း လက်ပေါ်ချီထားသည့် အသားမည်းမည်းနှင့် သူ့သားလေးကို ချီကာ အိမ်ဘက်သို့လျှောက်၍ လာခဲ့လေတော့သည်။

ပြီးပါပြီ။

အနုပညာခရီးကိုထာဝရလျှောက်လှမ်းပါရစေ ...

အစဉ်ကြိုးစားမယ့် ... အစဉ်ပဲကြိုးစားတဲ့

စာရေးတဲ့

**ကန်လေးရိုးက ဖွားလောက်ကြီး**

*တယ်လီဖုန်းဖြင့် ဝေဖန်မိတ်ဆက်အကြံပြုသူများမျှော်လင့်လျက်*

ဖုန်း – ၀၁ ၄၀၁၃၆၆၃ ၀၉ ၇၃၁၁၃၉၀၉

---

ရှိရင့်အောင်စာပေ

www.burmeseclassic.com